Vol.1., Issue 12

# The Strategy First Times

April 4, 2016 ၁၃၇၇ ခု၊ တပေါင်းလပြည့်ကျော် (၁၂) ရက်နေ့၊ တနင်္လာနေ့ နှစ်ပတ် / တစ်ကြိမ်



မြန်မာပြည်သူတစ်ရပ်လုံး၏ မျှော်လင့်ချက်နှင့်ဆန္ဒများပြည့်ဝရန်
မမိုတ်မသုန်ကြိုးပမ်းဆောင်ရွက်မည့်အစိုးရသစ်ကို ဂုဏ်ပြုကြိုဆိုပါသည်။

## နိုင်ငံတကာ MBA များကို Strategy First Institute မှာ သင်ယူနိုင်ပြီ။

စာ - ၇ သို့

## နွေရာသီမှာ အသားအရည်ကို ကာကွယ်ပါ



စာ - ၁၀ သို့

## KFC ရဲ့ ဈေးကွက်တာဝန်ခံပြောတဲ့ Digital Marketing



## မသေချာမရေရာမှုတွေနဲ့ ပြောင်းလဲခြင်းတွေကြားမှာ သင့်ကိုအောင်မြင်စွာရပ်တည်နိုင်စေမယ့် အချက်ခုနစ်ချက်



စစ်တမ်းတွေ တစ်ခုပြီးတစ်ခု ကောက်ယူခဲ့ပြီးမှာတော့ အလုပ်တစ်ခုမှာ "မသေချာမရေရာမှု" တွေကြုံတွေ့နေရတာဟာ ယနေ့ခေတ် စီးပွားရေးလုပ်ငန်းရှင်တွေ ကြုံတွေ့နေရတဲ့ အကြီးမားဆုံး စိန်ခေါ်မှုတွေထဲက တစ်ခုဖြစ်လို့နေပါတယ်။ ယနေ့ခေတ် စီးပွားရေးလောကထဲမှာတော့ ပြောင်းလဲမှုတွေက အမြဲမပြတ် အစဉ်ဖြစ်ပေါ်နေသလို ကြိုတင်ခန့်မှန်းရခက်တဲ့ အခြေအနေမျိုးတွေ ဖြစ်နေပါတယ်။

စာ - ၉ သို့

စာ - ၁၁ သို့

## Electronic Commerce

ဒီတစ်ပတ်မိတ်ဆက်ပေးမှာကတော့ Gary Schneider ရေးထားတဲ့ Electronic Commerce ဖြစ်ပါတယ်။ Gary Schneider ဆိုတာကတော့ Quinnipiac University မှာစာရင်းအင်းဘာသာရပ်ကို သင်ကြားနေတဲ့ ပါမောက္ခတစ်ယောက်ဖြစ်ပါတယ်။



# နှစ်သစ်မင်္ဂလာ သင်္ကြန်ချိန်ခါ

SFJ Team



"သင်္ကြန်နှစ်ဦးတူပို့တူးပို့တူးသံမြူးသံသာ" "ရှာပုံတော်မင်းသားကြီး မဏ္ဍပ်တကာ ရောက်ခဲ့ပြီ" "မြူးကြွတဲ့တေးသံ ပျံ့လွင့်လို့နေ" စတဲ့ တေးသံသာတွေပျံ့လွင့်လာပြီဆိုရင် မြန်မာတို့ရဲ့ နှစ်သစ်ကူး အချိန်အခါသမယဖြစ်တဲ့ သင်္ကြန် ကျရောက်လာပါပြီ။ နွေဦးနဲ့အတူ ဖူးပွင့်လာတဲ့ အဝါရောင် ပိတောက်ပန်းတွေကလည်း မင်္ဂလာရှိတဲ့နှစ်သစ်ကိုထပ်ဆောင်းမင်္ဂလာရှိစေပါတယ်။ သင်္ကြန်ပွဲတော်က မြန်မာနိုင်ငံသားအပေါင်းတို့ တစ်နှစ်တစ်ခါ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြတဲ့ အချိန်အခါပဲဖြစ်ပါတယ်။

မြန်မာလူမျိုးတို့ရဲ့ဓလေ့အရ နှစ်သစ်မှာ နှစ်ဟောင်းက အညစ်အကြေးတွေကို သင်္ကြန် အတာရေနဲ့ ဆေးကြောသန့်စင်စေကာ နှစ်သစ်ကိုကြိုဆိုကြခြင်းဖြစ်ပါတယ်။ သင်္ကြန်အယူအဆတွေအရ သိကြားမင်းက သင်္ကြန်အကျနေ့မှာ လူ့ပြည်ဆင်းသက်ကာ ကောင်းမှုပြုသူတို့ကို ရွှေပုရပိုက်နဲ့အမှတ်အသားပြုပါတယ်။ မကောင်းမှုကျူးလွန်သူတို့ကို ခွေးသားရေပုရပိုက်နဲ့ ရေးမှတ်ခြင်းပြုတယ်လို့ ရှေးလူကြီးသူမတွေက ပြောကြပါတယ်။ သင်္ကြန်အတက်နေ့ရောက်ရှိရင် သိကြားမင်းက လူ့ပြည်ကနေ တာဝတိံသာ နတ်ပြည်သို့ပြန်လည်တက်သွားပါတယ်။

သင်္ကြန်ရက်မြတ်အဖြစ် သင်္ကြန်အကြို၊ အကျ၊ အကြတ်၊ အတက် လေးရက်ဖြစ်ပြီး



သင်္ကြန်လေးရက်လုံးတစ်နိုင်ငံလုံးအတိုင်းအတာနဲ့ လူကြီး၊ လူငယ်မရွေး ရေပက်ကြ၊ မော်တော်ယာဉ်တွေနဲ့ ရေပက်ခံထွက်ကြ၊ သင်္ကြန်တေးသီချင်းတွေနဲ့အတူ လိုက်ပါပျော်ရွှင်ရတဲ့အချိန်ပဲဖြစ်ပါတယ်။ လူကြီးသူမတို့က သင်္ကြန်ရက်တွေမှာ တရားစခန်းဝင်သူ၊ ဥပုသ်တရားစောင့်သူတို့နဲ့ ကောင်းမှုကုသိုလ်ပြုကြပါတယ်။ နှစ်ဆန်းတစ်ရက်နေ့ရောက်ပြီဆိုရင်တော့မြို့တိုင်း၊ ရပ်ကွယ်တိုင်း၊ လမ်းတိုင်းမှာ အန္တရာယ်ကင်း၊ ဘေးကင်းအောင် တရားပွဲတွေ ပြုလုပ်ကြပါတယ်။

သင်္ကြန်ရက်မြတ်လေးရက်တာဖြစ်ပေမယ့် သင်္ကြန်ကာလအစိုးရ ရုံးပိတ်ရက်အပါအဝင်ဆိုရင် သင်္ကြန်ကာလနားရက်မှာ ၁၀ ရက် ရှိတဲ့အတွက် ပြည်တွင်း၊ ပြည်ပခရီးစဉ်တွေ အလည်အပတ်ထွက်ကြကာ အနားယူကြသူတွေလည်း ရှိပါတယ်။ ပြည်တွင်းခရီးစဉ်တွေထဲမှာ သင်္ကြန်ကာလအတွင်း အစည်းအကားဆုံးနေရာတွေထဲမှာ ချောင်းသာ၊ ငွေဆောင်ကမ်းခြေခရီးစဉ်တွေ ပါဝင်လေ့ရှိပါတယ်။ ဒါကြောင့်လည်း သင်္ကြန်ရက်အတွင်း ချောင်းသာ၊ ငွေဆောင်ကမ်းခြေခရီးစဉ်တွေ တည်းခိုစရိတ်နှုန်းထားက ပုံမှန်ထက်မြင့်မားလေ့ရှိပါတယ်။ ပြည်ပခရီးစဉ်တွေထဲမှာအိမ်နီးချင်းထိုင်းနိုင်ငံရှိဖူးခက်၊ပတ္တရားကမ်းခြေတွေကိုအပန်းဖြေခရီးထွက်ကြတာတွေ အခုနောက်ပိုင်းနှစ်များအတွင်းတစ်စထက်တစ်စ ခေတ်စားလာပါတယ်။

အရင်ကသင်္ကြန်ဆိုရင်သင်္ကြန်တေးသံသာများနဲ့ သင်္ကြန်မဏ္ဍပ်များမှာ သံချပ်ထိုးကြ၊ ရေပက်ကြ၊ ရေပက်ခံထွက်ကြနဲ့ မြန်မာရိုးရာယဉ်ကျေးမှုအစဉ်အလာကို မြတ်နိုးထိန်းသိမ်းခဲ့ကြပါတယ်။ ယနေ့ခေတ်အခါမှာတော့ ပြောင်းလဲလာတဲ့ခေတ်ရေစီးကြောင်းနဲ့အတူသင်္ကြန်တေးသီချင်းများနေရာမှာ ဒီဂျေတီးလုံးသံများ၊ပြည်ပနိုင်ငံများက Dance Musicအသံများကအစားထိုးဝင်ရောက်လာပါတယ်။ ရေပက်ခံထွက်စဉ်မှာလည်း သရုပ်ပျက်အဝတ်အစားများကို အပြိုင်အဆိုင် ဝင်ဆင်လာကြပါတယ်။ မဏ္ဍပ်များမှာလည်း အရက်သေစားများကို မှီဝဲကြပါသေးတယ်။

သင်္ကြန်ကာလမှာ မူးယစ်သောက်စားပြီး ခိုက်ရန်ဖြစ်ပွားမှုတွေ၊ ယာဉ်တိုက်မှုတွေက သင်္ကြန်ကာလပြီးဆုံးချိန်ရောက်ရင် နားနဲ့မဆံ့အောင် ကြားရတဲ့သတင်းတွေအဖြစ် ကြားနေရတာကအစဉ်အလာတစ်ခုလိုဖြစ်လာပါတယ်။ သရုပ်ပျက်အဝတ်အစားများနဲ့ ကခုန်နေကြတဲ့ ဓာတ်ပုံများကလည်း လူမှုကွန်ရက်တွေမှာ ပျံ့နှံ့နေလေ့ရှိပါတယ်။

ဆန့်ကျင်ဘက်အနေနဲ့လည်း တချို့သောရေကစားမဏ္ဍပ်တွေမှာ မြန်မာ့ယဉ်ကျေးမှုကို မထိခိုက်စေဘဲ ပျော်ရွှင်စွာ ရေကစားလျက်ရှိကြသလို မုန့်လုံးရေပေါ်ကျွေးခြင်း၊ အအေးတိုက်ခြင်းစတဲ့ချစ်စဖွယ်ရိုးရာအစဉ်အလာတွေကိုလည်း ထိန်းသိမ်းလျက်ရှိကြပါသေးတယ်။

သင်္ကြန်အခါဟာ မြန်မာ့ရိုးရာမင်္ဂလာရှိသော အချိန်အခါဖြစ်ပါတယ်။ ယနေ့သင်္ကြန်တချို့ဖြစ်ရပ်များကတော့ မြန်မာ့ယဉ်ကျေးမှုကို အိုးမဲသုတ်သလို ရှိနေပါတယ်။ သင်္ကြန်အခါပျော်ရွှင်စရာမို့ ပျော်ရွှင်ကြသည်မှာ အပြစ်မဟုတ်ပေ။ သို့ပေမဲ့ အပျော်မှသည် အပျက်မဖြစ်ဖို့၊ မိမိအပျော်ဟာ သူတစ်ပါးကို ထိခိုက်မှုမရှိစေဖို့ ရှောင်ရှားကြရင်း နှစ်သစ်အချိန်အခါသမယမှာမြန်မာနိုင်ငံသူ၊ နိုင်ငံသားအပေါင်းတို့ ကိုယ်စိတ်နှလုံးကျန်းမာချမ်းသာပါစေကြောင်း ဆန္ဒပြုလိုက်ရပါတယ်။ ■

The STRATEGY FIRST Times

**Editor-in-Chief**
Aung Chit Khin

**Advisor**
Dr. Sein Min

**Editor-in-Charge**
Thiha Ko Ko

**Senior Reporter/ Assistant Editor**
Naing Naing Zaw

**Translation Editor**
Thiha Than Naing

**Contributors**
NCC Students

**Layout & Design**
War War Tun

**Senior Business Manager**
Aung Kyaw Htay
May Thet Hnin

**Free Distribution**

**Price** - Free
**Circulation** - 2500

**Publisher**
Aung Chit Khin
( Reg - 01221)

**Printing House**
U Aung Naing Tun
(Amimyay - 00199)

**Address**
No.8, Ground Floor,
Panchan Tower, Bargayar Road,
Myaynigone, San Chaung Township,
Yangon, Myanmar.

Ph: 09 - 26 141 7771
e-mail: info.sfj@gmail.com

The Strategy First Times is published by Strategy First Institute.

# တောင်ဇလပ်ပန်းများဒွာန (သို့) နတ်မတောင်

**SFJ Team**



နတ်မတောင်သည် ပင်လယ်ရေမျက်ပြင်အထက် ပေ ၁၀,၅၀၀ အမြင့်မှာ တည်ရှိပြီး သဘာဝအခြေခံခရီးသွားတွေ အလွန်ကြိုက်နှစ်သက် သွားရောက်လည်ပတ်လျက်ရှိတဲ့ဒေသတစ်ခုအဖြစ် တည်ရှိလျက်ရှိပါတယ်။ မြန်မာနိုင်ငံရဲ့ တတိယအမြင့်ဆုံးတောင်ထိပ်အဖြစ်သတ်မှတ်ထားပြီး အရှေ့တောင်အာရှမှာ မြေသားဖုံးလွှမ်းမှုအများဆုံးတောင်လည်း ဖြစ်ပါတယ်။ နတ်မတောင်ကို အင်္ဂလိပ်ခေတ်က ဝိတိုရိယတောင်လို့ ခေါ်ဆိုခဲ့ပါတယ်။ ဒေသအခေါ်ကတော့ ခေါနသုမ်လို့ ခေါ်ဆိုကြပါတယ်။

နတ်မတောင်အမျိုးသားဥယျာဉ်အဖြစ်သတ်မှတ်ထားပြီး ချင်းပြည်နယ်၊ ကန်ပက်လက်၊ မင်းတပ်၊ မတူပီမြို့နယ် ဧရိယာအတွင်း တည်ရှိပါတယ်။ တောင်ဇလပ်တောများ၊ ဝက်သစ်ချတောများ၊ ထင်ရှူးတောများ ဖုံးလွှမ်းထားပြီး သစ်ပင်မျိုးစိတ်ပေါင်းများစွာ၊ ငှက်မျိုးစိတ်ပေါင်းများစွာ၊ အခြားကုန်းနေရေနေသတ္တဝါ၊ တွားသွားသတ္တဝါများစွာ နေထိုင်ကျက်စားလျက်ရှိပါတယ်။ ရှားပါးလိပ်ပြာများကိုလည်း တွေ့မြင်နိုင်သလို မြန်မာဒေသရင်း ရှားပါးငှက်များကိုလည်း မြင်တွေ့နိုင်ပါတယ်။

ယခင်က နတ်မတောင်ကို ကမ္ဘာလှည့်ခရီးသွားအနည်းအကျဉ်းသာစိတ်ဝင်စားသွားရောက်ကြတာတွေ ရှိခဲ့ပေမယ့် ယနေ့အချိန်မှာ ကမ္ဘာလှည့်ခရီးသွားတွေတင်မကတော့ဘဲ သဘာဝအလှအပ၊ ရှုခင်းတွေကို နှစ်သက်တဲ့ ပြည်တွင်းခရီးသွားများလည်းသွားရောက်လည်ပတ်လျက်ရှိနေကြပါတယ်။

ခရီးသွားများက နတ်မတောင်သို့ တောင်တက်ခြင်း၊ တောင်တက်လမ်းတစ်လျှောက် ငှက်များကို လေ့လာကြည့်ရှုခြင်း၊ တောင်တက်လမ်းတစ်လျှောက် လတ်ဆတ်တဲ့ သဘာဝလေကိုရှူရှိုက်ရင်း သဘာဝအတိုင်း မယိုမယွင်း မပျက်စီးသေးဘဲ တည်ရှိနေတဲ့ နတ်မတောင်ဝန်းကျင်ကို စိတ်ဝင်စားသွားရောက် လည်ပတ်လျက်ရှိပါတယ်။ နတ်မတောင်မှာမျိုးတုံးပျောက်ကွယ်လုနီးပါးဖြစ်နေတဲ့ ငှက်မျိုးစိတ်အများအပြားရှိတယ်လို့လည်း ပညာရှင်များက သတ်မှတ်ထားပါတယ်။



သဘာဝတောင်ပေါ်ဒေသရှုခင်းအလှအပများကို လေ့လာခံစား အပန်းဖြေအနားယူနိုင်မှာဖြစ်ပြီး သစ်ခွပန်းများ၊ ရှားပါးတောင်ဇလပ်ပန်းများကို ကြည့်ရှုနိုင်မှာဖြစ်ပြီး ဒေသခံများရဲ့ ရိုးရာယဉ်ကျေးမှုတွေ၊ လူနေမှုနေထိုင်မှုတွေကို လေ့လာနိုင်မှာ ဖြစ်ပါတယ်။ ချင်းတိုင်းရင်းသားရိုးရာအစဉ်အလာတစ်ခုဖြစ်တဲ့ ပရဲထိုးဓလေ့ကို လေ့လာနိုင်မယ့် ပရဲထိုးချင်းရွာဘက်ကိုလည်း ပြည်တွင်းခရီးသွားလုပ်ငန်းတချို့က စီစဉ်သွားရောက်လေ့လာကြတာတွေလည်းရှိပါတယ်။ ရန်ကုန်က ခရီးသွားလုပ်ငန်းတွေ စီစဉ်တဲ့ ချင်းပြည်နယ် နတ်မတောင် ခရီးစဉ် (၄) ည - (၅) ရက်ခရီးစဉ်ဟာ ကျပ် (၂) သိန်း (၄)သောင်းဝန်းကျင်ဈေးနှုန်းရှိပါတယ်။

နတ်မတောင်ကို ပြည်တွင်းပြည်ပက တောင်တက်ဝါသနာပါတဲ့ခရီးသွားတွေစိတ်ဝင်စားကြပြီး နတ်မတောင်ခရီးစဉ်ဟာ သဘာဝအခြေခံ ခရီးစဉ် (Ecotourism) ဖြစ်ပါတယ်။ ယခင်လမ်းပန်းဆက်သွယ်ရေးခက်ခဲမှု၊ နယ်မြေဒေသတည်ငြိမ်မှုတွေ အခြေအနေကြောင့် နိုင်ငံတွင်း ရှိ Ecotourism Sites များဆီသို့ သွားရောက်လည်ပတ်မှုတွေ နည်းပါးခဲ့ပေမယ့် ယခုတစ်နှစ်၊ နှစ်နှစ်ခန့်အတွင်း ပွင့်လင်းကောင်းမွန်လာတဲ့ အခြေအနေများနဲ့အတူ ခရီးသွားများကလည်း Ecotourism Sites ခရီးစဉ်တွေကို နှစ်ခြိုက် သွားရောက်လာကြပါတယ်။ သဘာဝအခြေခံခရီးစဉ်တွေကို ကြိုက်နှစ်သက်တဲ့ ခရီးသွားတွေအတွက်နတ်မတောင်ခရီးစဉ်ဟာလက်မလွတ်တမ်းသွားကြရမယ့် ခရီးစဉ်မျိုးပဲဖြစ်ပါတယ်။

photo-wiki

YINMAR ONLINE STORE
No.222, MahaBandoola Garden Street, Yangon. Ph - 01-374971

www.amazon.com နှင့်အခြား သင်မှာယူလိုသော website များမှ USA ပစ္စည်းများကို ငှင်းဈေးရင်းအတိုင်း မှာယူနိုင်ပြီး
မြန်မာပြည်အရောက်တန်ဖိုးမှာ = [နောက်ဆုံးကျသင့်ငွေ + ကျသင့်ငွေ၏ 15% + ပစ္စည်းအလေးချိန်တစ်ပေါင် - 8,000 Kyats]
(အီလက်ထရွန်းနစ်ပစ္စည်းများအတွက် အပိုကြေး ပေးဆောင်ရမည်။)
ပစ္စည်းတန်ဖိုး၏ တစ်ဝက်ကို စရန်အဖြစ် ကြိုတင်ပေးသွင်းရပါမည်။
(အထူးအဖြစ် "Payments" မျိုးစုံကို 10% Charges ဖြင့်ဝန်ဆောင်မှုပေးပါမည်။)
ယင်းမာတေးသံသွင်းသို့ကိုယ်တိုင်လာပြီး Websites များတွင် ချက်ချင်းမှာယူပေးပါသည်။ မနက် - ၉နာရီမှ ညနေ - ၆နာရီအတွင်းဖွင့်သည်။
E-mail (chitkhinlim@gmail.com) (သို့) Text Messages (09-450066242,09-43202090, 09-422469977) ဖြင့် မှာလိုသောပစ္စည်းစာရင်းကို ပို့လာပါက ကျသင့်ငွေကို အခမဲ့တွက်ချက်ပြီး ပြန်ပို့ပေးပါမည်။

မှာယူနိုင်သော ပစ္စည်းများ - Books, Software, Clothing, Electronics, Music, Toys, Games, Cell Phones, Laptops, Tablets, Computers, Gift Cards, CDs, DVDs, Blu-rays, Musical Instruments, Hand Bags, watches, Electronics Accessories, Automotive Parts & Beauty Items

စုံစမ်းရန် - ယင်းမာတေးသံသွင်း၊ အမှတ် ၂၂၂၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ရန်ကုန်မြို့၊ ဖုန်းနံပါတ် - ၀၁-၃၇၄၉၇၁၊ ဦးချစ်ခင် - ၀၉-၄၅၀၀၆၆၂၄၂၊ ဦးချောကြီး - ၀၉-၄၃၂၀၂၀၉၀

ဤနေရာတွင်လည်း မှာယူနိုင်ပါသည် - Royal Express Services Ltd.
HQ : No.114, 1st Flr., 49th St., Pazundaung Township, Yangon.
Ph : 01-298909, 9010528, 9010529, 09-5110376
Email : info@royalx.net, mmo@royalx.net

# သင်္ကြန်တွင်းကို ဘယ်လိုဖြတ်ကျော်မလဲ



**ဒေါ်ကျော့ခင်ခင်ခန့်**
**B.A (International Relations), MBA ( International Business Management ), Dip in Electronic**

သင်္ကြန် ဇပြီ ၁၁ ရက်နေ့က ကျွန်မမွေးနေ့နဲ့တိုက်တော့ သင်္ကြန်တွင်း (၅) ရက်မှာ ကုသိုလ်ကောင်းမှုလုပ်မယ်၊ အကြိုနေ့ကနေ အတက်နေ့အထိ နေ့တိုင်းဘုရားသွားမယ်။ အိမ်မှာနေပြီး မဖတ်ရသေးတဲ့စာအုပ်တွေဖတ်မယ်၊ ဘုရားစင်သန့်ရှင်းရေးတွေ၊ အိမ်သန့်ရှင်းတွေလုပ်ရပါမယ်။ တခြားသူတွေ ဘာလုပ်နေလဲဆိုတာကြည့်ပြီး ကိုယ်လည်းကုသိုလ်ယူမယ်။ နှစ်သစ်မှာ ဘာတွေလုပ်မလဲဆိုတဲ့ အစီအစဉ်သစ်တွေ ရေးဆွဲဖို့လည်းမှန်းထားပါတယ်။ ဒါကမြန်မာနိုင်ငံမှာ အရှည်ဆုံးအားရက်ကာလဆိုတော့ တချို့တွေကတော့ မိသားစုခရီးတွေထွက်ကြတယ်၊ ကလေးတွေကလည်း ရေကစားကြ၊ ပျော်ကြတယ်ပေါ့။ လူငယ်တွေ၊ ကလေးတွေကို မှာချင်တာကတော့ကစားပါ၊ အန္တရာယ်မဖြစ်အောင်လည်း ဂရုစိုက်ကြပါ။



**နွေးနွေးဦး**
**( Business Management & Administration)**

ပထမဆုံးတော့မဟာစည်မှာသီလရှင်ဝတ်ဖို့မှန်းထားပါတယ်။ တကယ်လို့ဝတ်ဖို့ လုံးဝအဆင်မပြေရင်တော့ ဖြူးကိုပြန်မယ်။ အလုပ်မအားလို့ ဝယ်ပြီးမဖတ်ဖြစ်တဲ့စာအုပ်တွေကိုသင်္ကြန်တွင်းမှာ အကုန်ဖတ်ဖို့ရှိပါတယ်။ စာမေးပွဲလည်းရှိတော့အားရက်တွေမှာစာလည်းကျက်ရမှာပေါ့။ လည်ဖို့၊ ပတ်ဖို့တော့ အစီအစဉ်မရှိပါဘူး။ သင်္ကြန်တွင်းလျှောက်လည်ရတာ မကြိုက်တာလည်းပါတယ်။ နှစ်တိုင်းကတော့ နယ်ပဲပြန်ပြီး မိသားစုနဲ့ပဲ အချိန်ကုန်တာများပါတယ်။



**မျိုးထက်နိုင်**
**( Academic Department )**

သင်္ကြန်တွင်းကတော့ ရခိုင်ကို ပြန်မယ်။ ဒီနှစ်တော့အိမ်မှာပဲနေဖို့များတယ်။ ဘယ်မှမသွားဘူးမှန်းထားတယ်။ သင်္ကြန်တွင်းမှာ အထက်တန်းကျောင်းက ဆရာတွေကိုကန်တော့တဲ့ပွဲလည်းရှိတယ်။ ငယ်သူငယ်ချင်းတွေနဲ့လည်း ပြန်ဆုံကြတော့ ပျော်ပွဲရွှင်ပွဲလေးတွေတော့ နည်းနည်းပါးပါး ဆင်နွှဲကြမှာပေါ့။ နံနက်ပိုင်း တရားစခန်းသွား ဥပုသ်စောင့်သီလယူမယ်။ အရင်သင်္ကြန်တွင်းတုန်းကဆိုရင် ဦးလေးတွေရှိတဲ့ ပေါင်းတည်ကိုသွားတယ်၊ အဲမြို့မှာပဲ နံနက်ပိုင်း ဥပုသ်လေးစောင့်၊ ရသေလောက် ကုသိုလ်လေးယူပြီး နေ့လည်ကျတော့သင်္ကြန်းတွင်းရေပက်ခံထွက်ကြတာပေါ့။



**မေဝင်းသက်**
**( Human Management )**

သင်္ကြန်တွင်းပိတ်မယ်ဆိုရင်တော့ သင်္ကြန်တွင်းသူငယ်ချင်းတွေစုပြီးရန်ကုန်မှာပဲတရားစခန်းဝင်မယ်။ အကြိုနေ့ကနေ နှစ်ဆန်းတစ်ရက်နေ့အထိ တရားစခန်းဝင်ပြီးရင် ကားလက်မှတ်ဖြတ်ပြီး မော်လမြိုင်ပြန်မယ်။ ကျွန်မတို့ဘက်တွေမှာတော့ သင်္ကြန်တွင်းတစ်ရက်ပိုတယ် နှစ်ဆန်းတစ်ရက်မှာ ရေပက်တာဆိုတော့ ဟိုကသင်္ကြန်ကလည်း ပျော်ဖို့ကောင်းပါတယ်။ ကားလက်မှတ်ဝယ်ပြီး နယ်ပြန်ကဲကြတာပေါ့။ ရန်ကုန်သင်္ကြန်တော့ မကြုံဖူးသေးဘူး။ ဒီနှစ်တော့ ရေရှားမယ်ဆိုတော့ ဘယ်လိုတွေဖြစ်လာမလဲတော့ မသိဘူး။ သင်္ကြန်တွင်းသီချင်းတွေကြားနေရင်တော့ ပျော်တာပေါ့။



**အိုက်စိန်လင်း**
**( Retail )**

သင်္ကြန်တွင်းက တစ်နှစ်တစ်ခါဆုံတာဆိုတော့ လူငယ်တိုင်းပျော်တာပေါ့။ ကျွန်တော်ကတော့Convenience Store မှာ လုပ်တာဆိုတော့ အလုပ်ဆင်းရမှာပါ။ အလုပ်ရှင်ချုပ်ကတော့ ပိတ်ပေမယ့် Store လုပ်ငန်းပိုင်းတွေတော့ တချို့ပိတ်တယ်၊ တချို့မပိတ်ကြဘူး။ ကိုယ့်ဖောက်သည်တွေအဆင်ပြေအောင်လို့တော့ဆိုင်အားလုံးမပိတ်ဘူး။ အရင်နှစ်ကတည်း ကျွန်တော် အလုပ်ဆင်းဖြစ်တယ်။ မိသားစုအတွက်တော့ သင်္ကြန်ပြီးမှပဲ သီးသန့်ခွင့်ပြန်ယူပြီး ခရီးထွက်တာလေးဖြစ်ဖြစ်တစ်ခုခုလေး ပြန်ပြီး စီစဉ်ဖို့စဉ်းစားထားတယ်။ အိမ်ထောင်မရှိတော့ မိဘတွေအတွက်ပဲ အချိန်ပေးရမှာဖြစ်ပါတယ်။



**သိမ့်ရတနာဦး**
**(Management of Travel and Tourism )**

အစကတော့မိသားစုနဲ့အတူ ခရီးထွက်ဖို့စီစဉ်ထားတာ၊ နောက်အဒေါ်လုပ်တဲ့သူက ရဟန်းခံရှင်ပြုအလှူလုပ်မယ်၊ အမျိုးတွေထဲက ရှိသမျှလူ အားလုံးဆိုတော့ အိမ်ကအဖေနဲ့ အစ်ကိုတွေကလည်း ဘုန်းကြီးဝတ်ကြမှာဆိုတော့ သင်္ကြန်တွင်းကအိမ်နဲ့ဘုန်းကြီးကျောင်းမှာပဲ အချိန်ကုန်မှာပါ။ အိမ်မှာလည်း မုန့်လုပ်စား၊ အလှူလုပ်ဆိုတော့ အပြင်ထွက်ဖြစ်မယ်မထင်ပါဘူး။ အရင်နှစ်ကလည်းဘုန်းကြီးကျောင်းအသွားအပြန်နဲ့ မိသားစုနဲ့ပဲ အတူနေဖြစ်တယ်။ သင်္ကြန်အပြင်မထွက်တာများတော့ နည်းနည်းစိမ်းသလိုဖြစ်ပေမယ့် လူငယ်ဆိုတော့ သင်္ကြန်တွင်းနီးလာတော့ ပျော်ပါတယ်။



**မျိုးသူရအောင်**
**(IBC)**

သင်္ကြန်တွင်း မိသားစုစုံစုံညီညီနဲ့ ခရီးလေးထွက်ဖို့မှန်းထားတယ်။ အရင်နှစ်ကတော့ဘုန်းကြီးဝတ်ဖြစ်တော့အပန်းဖြေမထွက်ဖြစ်ဘူး။ ခရီးကတော့ တောင်ကြီးတို့၊ ကလောတို့ကို ထွက်ဖြစ်ပါမယ်။ ကျွန်တော်ကျတော့ အလုပ်ကိစ္စနဲ့ ခရီးတွေဘာတွေ ခဏခဏထွက်တတ်ပေမယ့် အမေနဲ့ အစ်မကတော့ အဲဘက်တွေ မရောက်ဖူးဘူး။ အဓိကတော့ အပန်းဖြေခရီးလေးပေါ့၊ ရှုခင်းလေးတွေကိုကြည့်မယ်၊ ဘုရားဖူးပြီး စိတ်အပန်းဖြေမှာပါ။ သင်္ကြန်တွင်းရေပတ်တော့သွားရလာရတာတော့ နည်းနည်းကသီပေမယ့် ပျော်ပျော်ပါးပါးလေး မိသားစုနဲ့အတူ ခရီးထွက်မှာပါ။



**သော်ယမုံမြင့်ဦး**
**(NCC Level 4)**

သင်္ကြန်တွင်းကတော့ ရာသီဥတုလည်းပူတော့ လည်ဖြစ်မှာမဟုတ်ဘူး။ ရွှေမင်းဝံမှာ တရားစခန်းဝင်ဖို့မှန်းထားတယ်။ တရားစခန်းမဝင်ဖြစ်ရင်တော့ မိသားစုနဲ့ သူငယ်ချင်းတွေနဲ့ အိမ်မှာမုန့်တွေအများကြီးလုပ်စားမယ်။ မနှစ်ကလည်းတရားစခန်းပဲဝင်ဖြစ်တယ်။ သင်္ကြန်တွင်းကတော့ ပျော်ဖို့ကောင်းပါတယ်၊ အပူရှိန်မြင့်တော့ တကယ်တမ်းထွက်ဆော့မယ်ဆိုရင်တော့ အင်္ကျီလက်ရှည်တွေ ဘာတွေ ဝတ်သင့်တယ်လို့ထင်တယ်။ အခုရေကစားတဲ့သူတွေကလည်း နည်းနည်းမယဉ်ကျေးတော့ဘူးလို့ ထင်တယ်။ ရေကစားထွက်မယ်ဆိုရင် သတိလေးထားပြီးနေသင့်တယ်လို့ ထင်ပါတယ်။

now in Myanmar in partnership with **STRATEGY FIRST INSTITUTE**




# SIGNATURE

# M.B.A

■ ဝင်ခွင့်စာမေးပွဲကို ဧပြီလ (၈) ရက်နေ့တွင် ဖြေဆိုရမည် ဖြစ်ပါသည်။
စာရင်းပေးသွင်းရန် - 09 450177770

Strategy First တွင် Stamford International မှ MBA program များကို မိတ်ဖက်အဖြစ် သင်ကြားပေးမည်ဖြစ်ပါသည်။

Stamford International University သည် ကမ္ဘာပေါ်တွင် အကြီးမားဆုံး အဆင့်မြင့်ပညာအဖွဲ့အစည်းကွန်ယက်ကြီးဖြစ်သော Laureate (http://laureate.net) တက္ကသိုလ်များထဲမှ တစ်ခုဖြစ်ပါသည်။

ဘန်ကောက် Stamford International University တွင် သင်ကြားပေးနေသည့် နိုင်ငံတကာအတွေ့အကြုံရှိ ဆရာ၊ ဆရာမ များမှ အင်္ဂလိပ်ဘာသာဖြင့် သင်ကြားပေးမည်ဖြစ်ပါသည်။ မအားလပ်သောအလုပ်ခွင်မှ အရာရှိများအတွက် အဆင်ပြေစေရန် အတန်းချိန်အတန်းရှိန်များသည် ရုံးပိတ်ရက်များနှင့် ရုံးချိန်လွတ် သင်တန်းချိန်များဖြစ်ပါသည်။ (၁၈) လ ကြာမြင့်ပါမည်။

#8, Ground Floor, Panchan Tower, Myaynigone, Sanchaung Tsp. | Please Note: Strategy First does not render its services to tobacco, alcohol and MLM enterprises and their employees | **Apply Now - (09) 450177770**

# Kung Fu Panda 3

SFJ Team






Kung Fu Panda ကာတွန်းဇာတ်လမ်းတွေဟာကာတွန်းရုပ်ရှင်ချစ်ပရိသတ်တွေမကြည့်ဖူးသူ မရှိလောက်အောင် အောင်မြင်မှုရရှိခဲ့တဲ့ ဇာတ်ကားတွေ ဖြစ်ပါတယ်။ Kung Fu Panda 1 ဟာ ၂၀၀၈ ခုနှစ်မှာစတင်ထွက်ရှိခဲ့ပြီး အောင်မြင်မှုရရှိခဲ့ပါတယ်။ Kung Fu Panda 2 ကတော့ ၂၀၁၁ ခုနှစ်မှာ ထွက်ရှိခဲ့ပြီး ပထမကားရဲ့အောင်မြင်မှုကို ဆက်လက်ထိန်းသိမ်းနိုင်ခဲ့ပါတယ်။ ၂၀၁၆ ဇန်နဝါရီလထဲမှာ Kung Fu Panda 3 ထွက်ရှိလာခဲ့ပါတယ်။ Kung Fu Panda 3 ကာတွန်းဇာတ်ကားက ယခင်ထွက်ခဲ့တဲ့ကားတွေထက် ပိုမိုအောင်မြင်ခဲ့ပြီး Box Office မှာအမေရိကန်ဒေါ်လာသန်း၄၀၀ကျော်ရရှိခဲ့တဲ့အထိ ရရှိခဲ့ပါတယ်။ ရုပ်ရှင်ဇာတ်ကားများကို Rating ပေးတဲ့ Imdb.com မှာ Kung Fu Panda 3 ကို Rating 7.4/ 10 အထိ ပေးထားပါတယ်။ ဒါက ကာတွန်းဇာတ်ကားတစ်ကားအတွက် Rating ရရှိမှုများပြားတယ်လို့ ပြောရမှာပါ။

ဝိညာဉ်ကမ္ဘာမှ သိုင်းဆရာကြီး Oogway ဟာ ရန်သူတော်ကြီး Kai ရဲ့တစ်ဖန်ပြန်လည်တိုက်ခိုက်မှုကို ခံရပါတယ်။ ဒီတိုက်ပွဲမှာတော့ Kai က သိုင်းဆရာကြီး Oogway ကို အနိုင်ယူလိုက်ပါတယ်။ Kai ဟာ သိုင်းဆရာတွေကို အနိုင်ယူထိန်းချုပ်ပြီး ချီသိုင်းပညာရပ်ကို ဖျက်ဆီးပစ်ဖို့ လူ့ပြည်ကို လာရောက်ခဲ့ပါတယ်။

ချီသိုင်းပညာတတ်မြောက်ထားသူမှသာ Kai ကို အနိုင်ယူနိုင်မှာ ဖြစ်ပါတယ်။ Po အနေနဲ့ Kaiကိုအနိုင်ယူနိုင်ဖို့အတွက်ချီသိုင်းပညာရပ်ကို သင်ယူတတ်မြောက်ဖို့ လိုလာပါတယ်။ ဒါပေမဲ့ Po ရဲ့ဆရာ Shifu ကလည်း ချီသိုင်းပညာကို အပြည့်အဝ တတ်မြောက်ထားခြင်းမရှိပါဘူး။ ဒီလို အခက်ကြုံနေတဲ့အချိန်မှာ Po ရဲ့ဖခင်ရင်း ရောက်ရှိလာပါတော့တယ်။ သိုင်းဆရာကြီး Oogway က ချီသိုင်းပညာရပ်ကို ပန်ဒါမျိုးနွယ်စုတွေကနေ သင်ယူတတ်မြောက်ခဲ့တာဖြစ်တဲ့အတွက် Po ရဲ့ဖခင်က Po ကို ချီသိုင်းပညာသင်ပေးမယ်ဆိုပြီး ပန်ဒါမျိုးနွယ်စု နေထိုင်တဲ့နေရာကို ခေါ်သွားပါတယ်။

Po ဟာ ချီသိုင်းပညာရပ်သင်ယူဖို့ ပန်ဒါမျိုးနွယ်စုတွေနေရာမှာ နေထိုင်နေတဲ့အချိန်မှာ Kai က ဆရာ Shifu ၊ Po ရဲ့သူငယ်ချင်းတွေဖြစ်တဲ့ Tigress ၊ Crane ၊ Mantis ၊ Viper နဲ့ Monkeyတို့ကိုတိုက်ခိုက်လာပါတယ်။ Kaiက ဆရာ Shifu တို့အုပ်စုကို အနိုင်ယူပြီး Po ကို တိုက်ခိုက်ဖို့ ရောက်လာတော့မှာ ဖြစ်တယ်လို့ Tigress က Po ကို လာပြောပါတယ်။ Po က သူ့အဖေကို ချီသိုင်းပညာရပ်သင်ပေးဖို့ တောင်းဆိုပါတော့တယ်။ Po ရဲ့အဖေက ချီသိုင်းပညာကို သူမတတ်မြောက်ကြောင်း၊ မျိုးနွယ်အတွင်းမှာလည်း ပျောက်ဆုံးနေတာကြာပြီဖြစ်ကြောင်း Po ကို ပြောပြလိုက်ပါတော့တယ်။

Po အနေနဲ့ ချီသိုင်းပညာကို ဘယ်လို သင်ယူမလဲ၊ သူ့သူငယ်ချင်းတွေနဲ့ မျိုးနွယ်စုကို ဘယ်လိုကာကွယ်မလဲ၊ရန်သူတော် Kaiကိုရော ဘယ်လိုရင်ဆိုင်တိုက်ခိုက်မလဲဆိုတာကိုတော့ ဆက်လက်ခံစားကြည့်ရှုပါလို့ တိုက်တွန်းလိုက်ရပါတယ်။

Kung Fu Panda 3 ဇာတ်ကားမှာ အသံဖြင့် Po အဖြစ် ဟာသမင်းသား Jack Black ၊ Tigress အဖြစ် Angelina Jolie ၊ Kai အဖြစ် J.K Simmons၊ Monkey အဖြစ် Jackie Chan၊ Viper အဖြစ် Lucy Liu စတဲ့ သရုပ်ဆောင်တွေပါဝင်ထားပါတယ်။

■



SFJ Team

# နွေရာသီမှာ အသားအရည်ကို ကာကွယ်ပါ



နွေရာသီရောက်ရှိလာပြီဖြစ်တာကြောင့် အပူရှိန်နဲ့ နေရောင်ကြောင့် အသားအရေ ပျက်စီးတတ်တဲ့အပြင် မကြာခင်မှာ ကျရောက်လာတော့မယ့် သင်္ကြန်မှာလည်း ရေနဲ့နေရောင်က အသားအရေပျက်စီးစေမှာ သေချာပါတယ်။ အရေပြားကင်ဆာ၊ ပျက်စီးနေတဲ့အသားအရေ၊ ခြောက်သွေ့တဲ့အသားအရေတွေ မဖြစ်အောင် ကြိုတင်ကာကွယ်ဖို့အတွက် နည်းစနစ် (၅) ခုကို ဖော်ပြမှာဖြစ်ပါတယ်။

သင့်ခန္ဓာကိုယ်ပေါ်က အရေပြားကို သင့်အနေနဲ့ ဂရုတစိုက် ကာကွယ်ပေးတတ်ဖို့တော့ လိုပါလိမ့်မယ်။ ဘာလို့လဲဆိုတော့ လူ့ခန္ဓာကိုယ်ကို အဲဒီအရေပြားက အဓိက ကာကွယ်ပေးနေလို့ပဲဖြစ်ပါတယ်။ အသားအရေကို ထိန်းသိမ်းစောင့်ရှောက်မှု လုပ်ဆောင်ပေးတာက သင့်အတွက် အချိန်လည်းမကုန်သလို လွယ်ကူရိုးရှင်းစွာနဲ့ပဲ လုပ်ဆောင်နိုင်ပါတယ်။ အသားအရေထိန်းသိမ်းမှုကို ပုံမှန်လုပ်သွားသင့်ပါတယ်။ အသားအရေ ထိန်းသိမ်းစောင့်ရှောက်မှုနဲ့ ပတ်သက်တဲ့အောက်ဖော်ပြမယ့်လမ်းညွှန်ချက်တွေကတော့ သင့်အသားအရေကို ယခုထက် ပိုမိုကောင်းမွန်လာစေနိုင်ပြီးတော့ ဝင်းမွတ်လုပလာစေပါလိမ့်မယ်။ နောက်ပြီးတော့လည်း အရွယ်မတိုင်ခင်အိုမင်းရင့်ရော်နေတာမျိုးကနေစပြီးတော့ အရေပြားကင်ဆာအထိ အရေပြားနဲ့ ပတ်သက်တဲ့ပြဿနာမျိုးတွေကနေလည်းကင်းဝေးစေနိုင်မှာဖြစ်ပါတယ်။

## 1 နေရောင်ခြည်နဲ့ တိုက်ရိုက်ထိတွေ့မှုတွေကနေ စနစ်တကျ ကာကွယ်ပါ။

ဒီလိုမျိုး လမ်းညွှန်ချက်မျိုးကို သင့်အနေနဲ့ အကြိမ်ပေါင်းများစွာ ကြားဖူးနေပါလိမ့်မယ်။ အဲဒီအတိုင်း လိုက်လုပ်ရင်လည်း သင့်အတွက် ကောင်းတဲ့အကျိုးကျေးဇူးတွေလည်း မလွဲမသွေ ရရှိနိုင်မှာဖြစ်ပါတယ်။ နေကနေ ထုတ်လွှတ်တဲ့ ခရမ်းလွန်ရောင်ခြည်က သင့်အသားအရေကို ပုံစံအမျိုးမျိုးနဲ့ ပျက်စီးစေတတ်ပါတယ်။ ခရမ်းလွန်ရောင်ခြည်ကြောင့်

- အရေပြားကင်ဆာ - ဝက်ခြံ တင်းတိပ် မျက်နှာပေါ်က အရေးအကြောင်းတွေ၊ အသားအရောင်ပြောင်းလဲခြင်း၊အသားအရည်ရောင်ရမ်းခြင်း တို့ကို ဖြစ်စေနိုင်ပါတယ်။

အဲဒါကြောင့် ခရမ်းလွန်ရောင်ခြည်ကို ကာကွယ်ပေးတဲ့အသားအရေထိန်းသိမ်းရေးထုတ်ကုန်ပစ္စည်းတွေကို အသုံးပြုပေးတာက သင့်ခန္ဓာကိုယ်ကအသားအရေကိုပိုပြီးနုပျိုလန်းဆန်းစေပြီး ငယ်ရွယ်ပျိုမြစ်စေနိုင်တဲ့ အကောင်းဆုံးနည်းလမ်းတွေက တစ်ခုအပါအဝင် ဖြစ်နေပါတယ်။

နေ့စဉ်နေ့တိုင်းနေရောင်ခြည်ကိုကာကွယ်နိုင်တဲ့ ခရင်မ်ကို အသုံးပြုပါ။အလားတူ အပြင်မထွက်ခင်မှာလက်ရှည်အင်္ကျီ၊ တီရှပ်၊ ဘောင်းဘီရှည်နဲ့ ဦးထုပ်ကြီးကြီးတွေကို ဝတ်ပြီးမှထွက်ပါ။ နေအပူချိန်အပြင်းဆုံးရောက်ရှိနိုင်တဲ့မနက် ၁၀ နာရီနဲ့ နေ့လည် (၃) နာရီအကြားကာလတွေမှာ ဖြစ်နိုင်သရွေ့ အပြင်မထွက်ဘဲ နေအိမ်၊ ရုံး၊ အဆောက်အဦစတာတွေထဲမှာသာ နေထိုင်ပါ။ ဒါ့အပြင် နေနဲ့ထိတွေ့ဖန်များလို့ အညိုရောင်ပေါက်နေတဲ့အိပ်ယာမျိုးတွေကလည်းနေရောင်ခြည်နဲ့တိုက်ရိုက်ထိတွေ့သလိုမျိုး သင့်အရေပြားအတွက် ဆိုးကျိုးတွေ ဖြစ်စေနိုင်တယ်ဆိုတာကို သိထားရပါမယ်။ အဲဒါတွေက ခရမ်းလွန်ရောင်ခြည်ကိုလည်း ထုတ်လွှတ်ပေးတတ်ပါတယ်။

## 2 အသားအရေကို အမြဲ ရေဓာတ်ရှိနေအောင် ဖြည့်တင်းပေးပါ။

သင့်အသားအရေကိုခြောက်သွေ့မနေစေဘဲ အမြဲစိုစွတ်နေအောင် ထိန်းသိမ်းပေးတာက သင့်အရေပြားကို ကာကွယ်စောင့်ရှောက်ပေးခြင်းတစ်မျိုးပါပဲ။ ရေဓာတ်အပြည့်ရှိတဲ့ အရေပြားက သင့်အသားအရေကို နူးညံ့ပျော့ပြောင်းနေစေနိုင်သလို အသားအရေ ပျက်စီးခြင်းနဲ့ မွဲခြောက်မှုမျိုးတွေ မဖြစ်အောင်လည်း ကာကွယ်ပေးနိုင်ပါတယ်။

ရေများများသောက်ပါ။ဒီနည်းလမ်းကသင့်အသားအရေကို အမြဲစိုစွတ်နေစေပြီး ရေဓာတ်ပြည့်ဝနေစေပါလိမ့်မယ်။ သင့်အရေပြားနဲ့ တည့်မယ့် Moisturizing ခရင်မ် ဒါမှမဟုတ် Lotion မျိုးကို လိမ်းပါ၊ နောက်ပြီး သင်ရေချိုးလိုက်လို့ အဲဒီလိမ်းထားတာတွေ ပျက်သွားရင်လည်း နောက်တစ်ကြိမ် ထပ်လိမ်းပေးပါ။ ဒါပေမဲ့ Sodium lauryl sulfate ပါဝင်တဲ့ ထုတ်ကုန်ပစ္စည်းမျိုးကိုတော့ရှောင်ကြဉ်ပါ၊အဲဒီထုတ်ကုန်တွေရဲ့ ပါဝင်ပစ္စည်းက သင့်ခန္ဓာကိုယ်အရေပြားအတွက် လိုအပ်တဲ့ သဘာဝ အဆီတွေကို ဖယ်ရှားတတ်လို့ ဖြစ်ပါတယ်။ ရေနွေးနွေးလေးနဲ့ အသားအရေကို ထိတွေ့ပေးတာမျိုး လုပ်ပေးပါ၊ ဒါမှမဟုတ်လည်း ရေချိုးပေးပါ။ ဒါပေမဲ့ အချိန်ကိုတော့ ၅ မိနစ်ကနေ ၁၀ မိနစ်လောက်အတွင်း ကန့်သတ်ထားပါ။ ဒါပေမဲ့လည်း အမှန်တကယ်ကတော့ ရေနဲ့ ထိတွေ့ပေးတာက သင့်အရေပြားကို ခြောက်သွေ့စေတတ်ပါတယ်။ တကယ်လို့ အသားအရေခြောက်သွေ့တာက ဆက်ရှိနေဦးမယ်ဆိုရင်တော့ သင်နေ့စဉ်ရေချိုးတဲ့အကြိမ်အရေအတွက်ကို လျှော့ဖို့ စဉ်းစားပါ။

## 3 ကျန်းမာရေးဆိုင်ရာ ကြိုတင်ကာကွယ်မှုတွေ လုပ်ဆောင်ပါ။

သင့်နှုတ်ခမ်းနဲ့ ထိစပ်နေတဲ့ အရေပြားမှာ ဖြစ်တဲ့ ဗိုင်းရပ်ကူးစက်မှုကြောင့် ပါးစပ်မှာ အနာပေါက်တာမျိုးတွေဖြစ်တတ်ပါတယ်။ အဲဒါမျိုးတွေမှာ ဘက်တီးရီးယားတွေက သင့်မျက်နှာပေါ်မှာ ဝက်ခြံနဲ့ အခြားအရေပြား ပြဿနာတွေကိုပါ ဖြစ်စေနိုင်ပါတယ်။ အရေပြားထိန်းသိမ်းစောင့်ရှောက်မှုဆိုတာက သင့်ရဲ့အသားအရေကို နီးနီးကပ်ကပ် ကာကွယ်ပေးတာ ဖြစ်သလို အခြားရောဂါပိုးတွေ ဝင်ရောက်လာနိုင်မယ့် အခွင့်အလမ်းတွေကိုပါ လျှော့ပါးသွားစေနိုင်ပါတယ်။

နှုတ်ခမ်းနီဆိုးဆေးနဲ့ သွားပွတ်တံလိုမျိုး တစ်ကိုယ်ရည်သုံးပစ္စည်းတွေကိုအခြားသူတွေနဲ့ အတူတူ မျှသုံးတာမျိုး မလုပ်မိပါစေနဲ့။ ရေ၊ အချိုရည် အစရှိတဲ့ သောက်စရာတွေကိုလည်း အခြားသူတွေနဲ့ အတူတူ ဝေမျှမသောက်ပါနဲ့။ ကိုယ့် ဗူး၊ ကိုယ့်ခွက်နဲ့သာ ခွဲသောက်ပါ။ နောက်ပြီး သင့်မျက်နှာပေါ်ကို သင့်လက်နဲ့ မထိမိအောင်နေပါ။ နောက်ပြီးအခြားသူတွေအသုံးပြုထားတတ်တဲ့ တယ်လီဖုန်းခွက်လိုမျိုး ပစ္စည်းတွေကိုလည်း မျက်နှာနဲ့ မထိအောင် ဂရုစိုက်ပါ။

## 4 နူးညံ့တဲ့ အသားအရေ ထိန်းသိမ်းစောင့်ရှောက်ရေးပစ္စည်းတွေကို သုံးပါ။

ကျွန်တော်တို့တွေဟာနေ့စဉ်ပုံမှန်မျက်နှာသစ်နေတာက အရေပြားပေါ်က အညစ်အကြေးတွေ၊ အဆီတွေ၊ ပိုးမွှားတွေနဲ့ ဆဲလ်သေတွေကို ဖယ်ရှားဖို့အတွက် အရေးပါလှပါတယ်။ ဒါပေမဲ့လည်း မျက်နှာကို အလွန်အမင်း ကြမ်းကြမ်းတမ်းတမ်း ပွတ်တိုက်တာက သင့်မျက်နှာအရေပြားကို ထိခိုက်ပျက်စီးစေနိုင်ပါတယ်။ အကောင်းဆုံး နည်းလမ်းတွေကတော့ မျက်နှာကိုနူးညံ့ပျော့ပြောင်းတဲ့မျက်နှာသစ်ဆေးတစ်ခုသုံးပြီးရေနွေးနွေးလေးနဲ့သင်တစ်နေ့ကိုနှစ်ကြိမ်လောက် သစ်ပေးရမှာဖြစ်ပါတယ်။ ပြီးတော့ မျက်နှာသုတ်ပုဝါနဲ့ မျက်နှာကို ဖွဖွလေးသုတ်ပေးပါ။ပြီးတာနဲ့ Facial Moisturizer တစ်မျိုးကို လိမ်းပါ။

## 5 သင့်အသားအရေအကြောင်းကို ကောင်းကောင်း သိပါစေ။

သင့်အသားအရေပေါ်မှာ ပုံမှန်မဟုတ်တဲ့ တင်းတိပ်တွေ၊အကွက်တွေမျိုးထူးထူးဆန်းဆန်း တွေ့ရပြီဆိုရင်တော့ အဲဒါတွေကို ဆရာဝန်ဆီ သွားပြဖို့ စီစဉ်ပါ။ ဥပမာတစ်ခုအနေနဲ့ အသားအရေပေါ်မှာ အကွက်တစ်ခုခု ပေါ်လာတယ်ဆိုရင်က အဲဒါက အရေပြားကင်ဆာဖြစ်နိုင်တဲ့ ရှေ့ပြေးလက္ခဏာရပ်တစ်ရပ် ဖြစ်တယ်ဆိုတာ သိထားရပါမယ်။အလားတူဝက်ခြံတွေခဏခဏ ထွက်နေတတ်တာမျိုး၊ ခြောက်သွေ့တဲ့ အသားအရေပေါ်မှာ ယားယံတတ်တာမျိုး စတာတွေ ဖြစ်လာပြီဆိုရင်လည်း သင့်အနေနဲ့ အရေပြားအထူးကုဆရာဝန်ဆီ သွားပြသင့်ပါပြီ။

အဲဒါကြောင့် အသားအရေထိန်းသိမ်းစောင့်ရှောက်ရေးပစ္စည်းတွေသုံးပြီး ခန္ဓာကိုယ်အတွက်အာဟာရဖြစ်စေတဲ့စားသောက်မှုပုံစံနဲ့ လိုက်နာနေထိုင်သွားမယ်ဆိုရင်တော့ သင့်ခန္ဓာကိုယ် အသားအရေကို ကောင်းကောင်းထိန်းသိမ်းသွားနိုင်မှာဖြစ်ပါတယ်။ ဒါပေမဲ့လည်း တစ်ချိန်ချိန်မှာ ပုံမှန်မဟုတ်တဲ့ အသားအရေပြဿနာမျိုး ကြုံတွေ့ရပြီဆိုရင်တော့ အန္တရာယ်မဖြစ်ခင်အချိန်မဆိုင်းဘဲဆရာဝန်နဲ့သွားရောက်ပြသဖို့ လိုအပ်ပါလိမ့်မယ်။ ■






MADE IN THE UK.
VALUED WORLDWIDE.

# MBA & MSc
## Programmes

INTERNATIONAL LEARNING.
INDEPENDENT THINKING.

www.ebsglobal.net

Strategy First မှ Edinburgh Business School Heriot-Watt University မှ MBA, MSc programmes များကို တရားဝင်အသိအမှတ်ပြု မိတ်ဖက်အဖြစ် ဂုဏ်ယူစွာစတင်သင်ကြားပေးတော့မည်ဖြစ်ပါသည်။

Heriot-Watt University ကို 1821 တွင် တည်ထောင်ခဲ့ပြီး UK ရှိ (၉) ခုမြောက် သက်တမ်းအရှည်ဆုံး တက္ကသိုလ် ဖြစ်ပါသည်။ UK နိုင်ငံရှိ တက္ကသိုလ်များ၏ အဆင့်သတ်မှတ်ချက်ကို ဖော်ပြသော UK Guardian University League Table 2016 တွင် Heriot-Watt University သည် နံပါတ် (၁၈) နေရာရရှိထားပြီး ကမ္ဘာ့အဆင့် (၃၁၈) ရှိသောတက္ကသိုလ်တစ်ခုဖြစ်ပါသည်။ နိုင်ငံတကာတွင်လည်းပညာရေး အရည်အသွေး ကောင်းမွန်မှုကြောင့် ၂၀၀၉ ခုနှစ်မှစ၍ နှစ်စဉ်နှစ်တိုင်း Financial Times သတင်းစာ၏ တက္ကသိုလ်များ စာရင်းတွင် ဖော်ပြခြင်းခံခဲ့ရသော ထိပ်တန်းတက္ကသိုလ်တစ်ခု ဖြစ်ပါသည်။

Edinburgh Business School (EBS) သည် Heriot-Watt University ၏ ဘွဲ့လွန်စီးပွားရေး သင်တန်းများကို သင်ကြားပေးနေသော ဌာန တစ်ခုဖြစ်ပါသည်။ ယခုလက်ရှိ EBS MBA programme များကို နိုင်ငံပေါင်း (၁၆၆) နိုင်ငံတွင် တက်ရောက်နေကြပြီး တက်ရောက်နေသူများ တက်ရောက်နေသူများထဲ တွင် Fortune (500) စာရင်းတွင်ပါဝင်သော ကမ္ဘာ့ဩဇာအကြီးမားဆုံးကုမ္ပဏီများမှလည်း ပါဝင်ပါသည်။

MBA သင်တန်းများအတွက် တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိထားပြီး လုပ်သက်အတွေ့အကြုံ (၃) နှစ်ရှိရန်လိုအပ်ပါသည်။ အင်္ဂလိပ်စာအတွက် ကတော့ IELTS 6.5 ရရှိထားဖို့ လိုအပ်ပါသည်။ IELTS စာမေးပွဲ အောင်လက်မှတ်မရှိပါက အင်္ဂလိပ်စာ အရည်အချင်းစစ်စာမေးပွဲကို ဖြေဆိုရမည်ဖြစ်ပါသည်။ ဘွဲ့မရရှိထားသော်လည်းလုပ်သက်အတွေ့အကြုံကောင်းမွန်သောလုပ်ငန်းရှင်များကိုလည်း အင်္ဂလိပ်စာလိုအပ်ချက် ပြည့်မှီပါက ဝင်ခွင့်ရရှိရန် စဉ်းစားပေးပါမည်။ သင်တန်းပြီးဆုံးအောင်မြင်သောအခါ UK နိုင်ငံရှိ Heriot-Watt University တွင်ဘွဲ့နှင်းသဘင် အခမ်းအနားဖြင့် MBA ဘွဲ့ကို တက်ရောက်ယူနိုင်မည် ဖြစ်ပါသည်။ မအားလပ်သောအလုပ်ခွင်မှ အရာရှိများအတွက် အဆင်ပြေစေရန် အတန်းချိန် များသည် ရုံးပိတ်ရက်များနှင့် ရုံးချိန်လွတ် သင်တန်းချိန်များဖြစ်ပါသည်။ (၁၈) လ ကြာမြင့်ပါမည်။

မြန်မာနိုင်ငံတွင် တက်ရောက်နိုင်သော နိုင်ငံတကာ MBA များတွင် Ranking အမြင့်ဆုံး ရရှိထားသော တက္ကသိုလ် ဖြစ်ပါသည်။



■ သင်တန်းများကို မေလ (၂၈) ရက်နေ့တွင် စတင်မည်ဖြစ်ပါသည်။

#8, Ground Floor, Panchan Tower, Myaynigone, Sanchaung Tsp. | Please Note: Strategy First does not render its services to tobacco, alcohol and MLM enterprises and their employees. | **Apply Now - (09) 450177770**

The STRATEGY FIRST Times



# မသေချာမရေရာမှုတွေနဲ့ ပြောင်းလဲခြင်းတွေကြားမှာ သင့်ကိုအောင်မြင်စွာရပ်တည်နိုင်စေမယ့် အချက်ခုနစ်ချက်



စစ်တမ်းတွေ တစ်ခုပြီးတစ်ခု ကောက်ယူခဲ့ပြီးမှာတော့ အလုပ်တစ်ခုမှာ " မသေချာမရေရာမှု " တွေ ကြုံတွေ့နေရတာဟာ ယနေ့ခေတ်စီးပွားရေးလုပ်ငန်းရှင်တွေကြုံတွေ့နေရတဲ့ အကြီးမားဆုံး စိန်ခေါ်မှုတွေထဲက တစ်ခုဖြစ်လို့နေပါတယ်။ ယနေ့ခေတ် စီးပွားရေးလောကထဲမှာတော့ ပြောင်းလဲမှုတွေက အမြဲမပြတ် အစဉ်ဖြစ်ပေါ်နေသလိုကြိုတင်ခန့်မှန်းရခက်တဲ့အခြေအနေမျိုးတွေ ဖြစ်နေပါတယ်။ ပြောင်းလဲမှုတွေကို ပုံမှန်ဖြစ်နေကျပဲလို့ သတ်မှတ်ပြီး အလေးမထားဘူးဆိုရင်တော့ သင့်အနေနဲ့ လုပ်ငန်းလုပ်ကိုင်မှုပိုင်းမှာ အထူးတလည် လွယ်ကူနိုင်မှာတော့မဟုတ်ပါဘူး။ ဒါပေမဲ့လည်း အောက်ပါလိုအပ်တဲ့ ကျွမ်းကျင်မှု အချက်ခုနစ်ချက်ကို လိုက်နာပြီးတော့သင်ဟာ ခက်ခဲတဲ့အခြေအနေတွေကို ကောင်းကောင်း ရင်ဆိုင်ကျော်ဖြတ်နိုင်မှာဖြစ်သလိုအလားတူအခြေအနေတွေအောက် ကျရောက်နေသူတွေကိုလည်း ကူညီပေးနိုင်မှာဖြစ်ပါတယ်။

## 1 အရာအားလုံးကို နီးနီးကြားကြား ရှိပါစေ။

စီးပွားရေးလုပ်ငန်းတစ်ခုဟာဘယ်လောက်ပဲ အောင်မြင်နေခဲ့ပါစေ စားသုံးသူ ဖောက်သည်တွေရဲ့အကြိုက်ရွေးချယ်မှုပိုင်းမှာအလျင်အမြန်ပြောင်းလဲသွားတတ်တာ၊ ယှဉ်ပြိုင်မှုတွေ ပြင်းထန်လာတာနဲ့ မရေမတွက်နိုင်တဲ့ အခြားအကြောင်းအချက်တွေကြောင့် အချိန်မရွေးပြိုလဲသွားတာမျိုး ဒါမှမဟုတ် အားနည်းသွားတာမျိုးတွေ ကြုံတွေ့ရတတ်ပါတယ်။ လုပ်ငန်းတစ်ခုမှာ ပါဝင်လုပ်ကိုင်နေကြတဲ့ ဦးဆောင်သူခေါင်းဆောင်ပိုင်းကစပြီးတော့ အလုပ်သမားတွေအထိ အားလုံးဟာ မိမိတို့ကုမ္ပဏီ ကြုံတွေ့နေရတဲ့ ခြိမ်းခြောက်မှုတွေနဲ့ စိန်ခေါ်မှု အခွင့်အလမ်းတွေအားလုံးနဲ့ သဟဇာတဖြစ်နိုင်ဖို့အတွက် အထူး အလေးထားလုပ်ဆောင်ကြဖို့လိုပါတယ်။ ဒါကြောင့် လုပ်ငန်းတစ်ခု မိမိတို့ကိုယ်ကိုယ် ကျေနပ်အားရနေတာတွေ၊ ကိုယ့်လုပ်ငန်းအပေါ်ကိုယ့်ဘာသာအထင်ကြီးပြီးတော့ မာန်မာနထောင်လွှားနေတာတွေနဲ့ ကိုယ့်လုပ်ငန်းတစ်ခုတည်းကိုပဲ အာရုံစိုက်အလေးထားနေတာမျိုးတွေ စတဲ့ ခံယူချက်တွေရှိနေတဲ့ အလေ့အထတွေကို သင့်အနေနဲ့ လက်သင့်မခံပါနဲ့။

## 2 ခေါင်းဆောင်နိုင်မှု အစစ်အမှန်ကို သဘောပေါက် နားလည်ပါစေ။

စရိုက်လက္ခဏာကောင်းတွေကလူတွေကို သြဇာအာဏာပြည့်အားကောင်းတဲ့ခေါင်းဆောင်တွေဖြစ်စေနိုင်သလို တစ်ခါတစ်ရံမှာ အဲဒီစရိုက်လက္ခဏာရပ်တွေကပဲ ၎င်းတို့လုပ်ငန်းတွေရဲ့ရေရှည်အကျိုးစီးပွားတွေ ရရှိနိုင်ဖို့ကနေသွေဖီသွားစေတတ်ပါတယ်။ ဘာပဲဖြစ်ဖြစ်ပါ စီးပွားရေးလောက လုပ်ငန်းအဖွဲ့အစည်းတွေထဲမှာ ကျွန်တော်တို့လုပ်ငန်းတွေကို အများတကာထက် အကောင်းဆုံးဖြစ်နေဖို့အတွက်နဲ့ လုပ်ငန်းထဲမှာ အကောင်းဆုံးလုပ်နေကြတဲ့ ဝန်ထမ်းတွေအတွက် အားကောင်းတဲ့ ခေါင်းဆောင်တွေ မလွှဲမသွေ လိုအပ်ပါတယ်။ ဒါပေမဲ့လည်း လူ့သဘာဝဆိုတာကလည်း အကဲဖြတ်ဝေဖန်ပိုင်းခြားသင့်တဲ့အရာတွေတော့ မဟုတ်ပါဘူး။ အဲဒီလို စရိုက်လက္ခဏာရပ်တွေကို ကောင်းကောင်းလက်သင့်ခံပြီးတော့ ပွင့်ပွင့်လင်းလင်းဆွေးနွေးပြောဆိုပြီး လုပ်ဆောင်တာကပဲ ကောင်းပါလိမ့်မယ်။ ကိုယ့်ကိုယ်ကိုယ် မှန်ကန်တဲ့နည်းလမ်းနဲ့ ဦးဆောင်နိုင်အောင် လုပ်ပါ၊ ပြီးတော့ သင့်ရဲ့အထက် အမှုဆောင်အရာရှိချုပ်တွေဆီက မျှတတဲ့အခွင့်အရေးတွေ တောင်းဆိုပါ။

## 3 လုပ်ငန်းထဲမှာ ပါဝင်သူ အားလုံးကို အကျိုးအမြတ် ရရှိစေအောင် လုပ်ဆောင်ပါ။

အမေရိကန်အလုပ်သမားတွေဟာအလုပ်ထဲမှာ စိတ်အားထက်သန်သူတွေ ဒါမှမဟုတ် စိတ်ဝင်တစားရှိသူတွေ မဟုတ်ကြဘူးလို့ သိရပါတယ်။ ၎င်းတို့ဟာ "ဒီအလုပ်ထဲမှာကျွန်တော့်အတွက်အကျိုးရှိတာဘာရမလဲ" ဆိုတဲ့မေးခွန်းတစ်ခုကိုပဲ မေးတတ်ကြတယ်လို့ သိရပါတယ်။ အဲဒီမေးခွန်းက သင့်ရဲ့လုပ်ငန်းထဲမှာ ပါဝင်တဲ့ အစုရှယ်ယာရှင်တစ်ဦး တစ်ယောက်ချင်းစီအတွက် အရေးကြီးမေးခွန်းတစ်ခုဖြစ်ပါတယ်။ လုပ်ငန်းတစ်ခုမှာရင်းနှီးငွေ၊အားထုတ်မှုနဲ့အချိန်တွေကို ရင်းနှီးမြှုပ်နှံတော့မယ်ဆိုရင်တော့ အဲဒီလုပ်ငန်းကကျွန်တော်တို့အတွက် ဘာတွေအကျိုးရှိနိုင်မလဲဆိုတာကို တွေးကြည့်ရမှာဖြစ်ပါတယ်။ သုတေသန ပြုလုပ်ချက်တွေအရတော့ ဒီလိုမျိုး တစ်ဦးတစ်ယောက်ချင်းစီကို အကျိုးရှိစေမယ့်အရာတွေကိုကမ်းလှမ်းပြီးတော့ ၎င်းတို့ဆီက ထပ်ဆောင်းအားထုတ်မှုတွေ တောင်းခံရယူတာကမပြောပလောက်တဲ့သာမန်စွမ်းဆောင်မှုနဲ့ ထူးကဲတဲ့ ကြီးပမ်းစွမ်းဆောင်ချက်တွေအကြားမှာ ကွာခြားသွားစေနိုင်တဲ့ အချက်ပဲဖြစ်ပါတယ်။

## 4 အဖွဲ့ဝင်တွေအကြား မတူညီကြတဲ့ လိုအပ်ချက်တွေကို ချိန်ညှိနိုင်ဖို့ လုပ်ဆောင်ပါ။

ယနေ့ခေတ်လိုမျိုး ပြိုင်ဆိုင်မှု ပြင်းထန်ပြီး အမြဲတစေ ပြောင်းလဲနေတဲ့ စီးပွားရေး အသိုက်အဝန်းဝန်းကျင်တစ်ခုထဲကလုပ်ငန်းတွေအကြား အပြန်အလှန် ဆက်ဆံမှုတွေ လိုအပ်သလို စားသုံးသူဖောက်သည်တွေရဲ့အကြိုက်ရွေးချယ်မှုပုံစံတွေအပေါ်မှာလည်း အထူးအလေးထားဖို့ လိုအပ်ပါတယ်။ ရေရှည် အမြော်အမြင်ရှိတဲ့ ခေါင်းဆောင်တွေဟာဆိုရင်တော့ မိမိတို့လုပ်ငန်းနဲ့တစ်နည်းတစ်ဖုံဆက်စပ်ချိတ်ဆက်နေပြီး အပြန်အလှန်အကျိုးဖြစ်ထွန်းနေကြတဲ့ ပြင်ပက ပါဝင်လုပ်ကိုင်သူတွေအားလုံးရဲ့လိုအပ်ချက်နဲ့ ဆန္ဒတွေကို ကျွမ်းကျင်လိမ္မာပါးနပ်စွာနဲ့ ချိန်ညှိပေးရမှာဖြစ်ပါတယ်။

## 5 အမှတ်တံဆိပ်တစ်ခုကို တည်ဆောက်ပါ။

ကုန်ပစ္စည်း အမှတ်တံဆိပ်ကောင်းတစ်ခုဟာ လုပ်ငန်းတွင်းမှာ ရှိတဲ့လူတွေအားလုံးကို အတူတကွစုစည်းညီညွတ်စေနိုင်သလိုတစ်ချိန်တည်းမှာလည်းလုပ်ငန်းတစ်ရပ်အတွက်အောင်မြင်မှုကိုလည်း ရရှိစေနိုင်ပါတယ်။ ဒါပေမဲ့ ဒီလိုမျိုးအမှတ်တံဆိပ်ကောင်းကောင်းတည်ဆောက်နိုင်ဖို့အတွက်ဆိုရင်တော့ အလုပ်သမားတွေ၊ စားသုံးသူဖောက်သည်တွေနဲ့ လုပ်ငန်းတွဲဖက်လုပ်ကိုင်သူတွေအနေနဲ့ ကုန်ပစ္စည်းတစ်ခုရဲ့ အမှတ်တံဆိပ် အောင်မြင်စွာ ရပ်တည်နိုင်ဖို့နဲ့ ယင်းအမှတ်တံဆိပ်ရဲ့စစ်မှန်ယုံကြည်စိတ်ချရနိုင်မှုတို့အတွက်အားလုံးဝိုင်းဝန်းဆောင်ရွက်ကြရမှာဖြစ်ပါတယ်။

## 6 အမြဲတစေ ပြုလွယ် ပြောင်းလွယ် ဖြစ်နေပါစေ။

လုပ်ငန်းတွေမှာ ဆုံးဖြတ်ချက်ချမှတ်တဲ့အပိုင်းဆိုင်ရာ ဖွဲ့စည်းမှု ပုံစံစနစ်တွေကလည်း အချိန်ကြာလာတာနဲ့အမျှ ပြောင်းလဲနေခဲ့ပါတယ်။နောက်ထပ်လည်း ထပ်ပြောင်းဦးမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့လုပ်ငန်းတစ်ခုမှာ ဗဟိုကချုပ်ကိုင်တဲ့ပုံစံကိုတစ်ခဏတာ သုံးကြည့်မယ်ဆိုရင် ဆုံးဖြတ်ချက်ချတဲ့အပိုင်းကလုပ်ငန်းတစ်ခုမှာ တကယ့်အရေးပါတဲ့ အောက်ခြေနေရာတွေမှာ မလုပ်နိုင်တော့ဘူးဆိုတာကို သဘောပေါက်လာပါလိမ့်မယ်။ ဒီလိုပဲကျွန်တော်တို့ဟာလုပ်ငန်းထဲမှာဗဟိုချုပ်ကိုင်မှုကိုလျှော့ပြီးတော့ လုပ်ပိုင်ခွင့်တွေကို ခွဲဝေပေးလိုက်မယ်ဆိုရင်လည်း ကျွန်တော်တို့ဟာ လုပ်ဆောင်နိုင်စွမ်းတွေနဲ့အလေးထားအာရုံစိုက်မှုတွေပျောက်ဆုံးသွားတတ်တာကိုသဘောပေါက်လာပါလိမ့်မယ်၊ ဒါကြောင့် အတော်ဆုံး ခေါင်းဆောင်တွေကတော့လုပ်ငန်းအဖွဲ့အစည်းတွေကိုဗဟိုကနေချုပ်ကိုင်ဖို့ မသင့်သလို လုပ်ပိုင်ခွင့်တွေ ခွဲဝေချထားပေးဖို့ မသင့်ဘူးဆိုတာကို သိရှိသဘောပေါက်ကြပါတယ်။ ယင်းအစား ၎င်းတို့ဟာ လုပ်ငန်းထဲမှာ ပြုလွယ်ပြောင်းလွယ် ရှိပြီးတော့ အားလုံးနဲ့ လိုက်လျောညီထွေ ချိန်ကိုက်ဖို့လိုတယ်ဆိုတာကို သိရှိကြပါတယ်။

## 7 လုပ်ဆောင်နိုင်စွမ်းတွေ အမြဲပြောင်းနေတယ်ဆိုတာကို အလေးထား လက်ခံယုံကြည်ပါ။

ယနေ့ခေတ်အအောင်မြင်ဆုံးသောကုမ္ပဏီတွေကိုကြည့်ရင် ၎င်းတို့မှာ သက်ဆိုင်ရာပတ်ဝန်းကျင်ကို တုံ့ပြန်နိုင်တဲ့ အမြဲတစေပြောင်းလဲဖြစ်ပေါ်လာနေတဲ့ လုပ်ဆောင်နိုင်စွမ်းတွေ ရှိနေသလို တစ်ဖက်မှာလည်း ၎င်းတို့ရဲ့အဓိက ကျွမ်းကျင်မှုလုပ်ငန်း အရည်အချင်းတွေအပေါ်မှာ ဆက်လက်ပြီး မှန်မှန်ကန်ကန် အလေးထားလုပ်ဆောင်နေတာကို တွေ့နိုင်ပါတယ်။ ဒီလိုမျိုး အမြဲတစေ ပြောင်းလဲဖြစ်ပေါ်နေတဲ့ လုပ်ဆောင်နိုင်စွမ်းတွေကပဲလုပ်ငန်းတစ်ခုကိုပိုစိတ်ဝင်စားစရာကောင်းလာစေနိုင်သလိုအကျိုးအမြတ်တွေ ပိုမိုဖြစ်ထွန်းနိုင်စေမှာပဲဖြစ်ပါတယ်။ ■

# KFC ရဲ့ ဈေးကွက်တာဝန်ခံပြောတဲ့ Digital Marketing

SFJ Team

ပြည်တွင်းဆက်သွယ်ရေးကဏ္ဍမှာ နိုင်ငံခြားအော်ပရေတာတွေကို လုပ်ပိုင်ခွင့်ပေးလိုက်ပြီးနောက်ပိုင်း မြန်မာနိုင်ငံရဲ့တယ်လီဖုန်းသုံးစွဲမှုက တစ်စတစ်စတိုးပွားလာခဲ့ပါတယ်။ နိုင်ငံလူဦးရေ ၃၅ သန်းထိ သုံးစွဲနေပြီလို့ ပြည်တွင်းနည်းပညာကုမ္ပဏီတွေ၊ အသင်းအဖွဲ့တွေက ကောက်ယူထားတဲ့ စစ်တမ်းတွေအရ သိရပါတယ်။ တယ်လီဖုန်းအသုံးပြုသူ မြင့်တက်လာတာနဲ့အမျှ မိုဘိုင်းအင်တာနက် အသုံးပြုအရေအတွက်က ၂၀၁၅ခုနှစ်နှစ်ကုန်ပိုင်းမှာ (၈) သန်းဝန်းကျင်ကို ရောက်ရှိလာပြီလို့ အသင်းအဖွဲ့တွေထံက သိရပါတယ်။

နိုင်ငံလူဦးရေ ၁၅ ရာခိုင်နှုန်းဝန်းကျင်က အင်တာနက်အွန်းလိုင်းနဲ့ ထိတွေ့သူတွေဆိုပေမယ့် သုံးစွဲသူအများစုက Facebook ၊ Viber ၊ Wechat ကဲ့သို့ လူမှုကွန်ရက်တွေကို ပိုမိုအသုံးချလာပါတယ်။ အင်တာနက်အွန်လိုင်းကို ဘယ်လိုနည်းနဲ့အသုံးပြုနေသည်ဖြစ်စေ အရှိန်အဟုန်နဲ့တိုးတက်နေတဲ့ Media Platform တစ်ခုအနေနဲ့ ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်တွေက သူတို့ရဲ့ထုတ်ကုန်တွေကို လူထုကြား ပိုမိုပျံ့နှံ့ဖို့ Customer Service ဆိုင်ရာ ဝန်ဆောင်မှုတွေ ပိုမိုထိရောက်မှုရှိစေဖို့ ပုံစံအမျိုးမျိုးနဲ့ အသုံးချလာပါတယ်။ ဒီလုပ်ငန်းတွေထဲက KFC တို့လို Brand တွေကလည်း Idea ကောင်းကောင်းနဲ့ လူမှုကွန်ရက်တွေမှာ Digital Marketing ကို အပီအပြင်လုပ်ဆောင်လာကြပါတယ်။

KFC Myanmar ရဲ့ဈေးကွက်တာဝန်ခံ ကိုဇင်ဆက်က " မြန်မာနိုင်ငံမှာ အင်တာနက်သုံးစွဲသူတွေတိုးလာတယ်ဆိုတော့ လုပ်ငန်းတွေကလည်း ကိုယ့် Idea ရှိသလို လုပ်ငန်းအတွက် အသုံးချနေတာပဲ။ အင်တာနက်ဆိုရင် ဒီမှာက Facebook ၊ Viber တို့ Wechat တို့တွေပဲ အသုံးများနေတာ။ တချို့တွေလောက်ပဲ Google ကနေ သူတို့သိချင်တာတွေ ရှာဖွေအသုံးပြုတာဆိုတော့ Webside ကြီးတစ်ခုဖွင့်ပြီးလုပ်ဖို့ကတော့ မှန်းထားတယ်၊ အခြားမြို့ကြီးတွေမှာဆိုင်ခွဲတွေဖွင့်နိုင်တော့မှပဲစဖြစ်မယ်။ အခုကတော့ Facebook ကပဲ ဈေးကွက်ဖောက်နေတယ်" လို့ပြောပါတယ်။

သူ့အနေနဲ့ Social Media ကနေ KFC အတွက် Digital Marketing ကို ဦးဆောင်နေသော်လည်းအွန်လိုင်း Expert တစ်ယောက်မဟုတ်ဘူးလို့ဆိုပါတယ်။ ၂၁ ရာစုရဲ့လူငယ်ပီပီ နည်းပညာရပ်ပေါ်စိတ်ဝင်စားမှုနဲ့ **Strategy First Institute** ရဲ့ Digital Marketing သင်တန်းတွေကနေ ရရှိထားထဲ့စာတွေသီအိုရီတွေကို လုပ်ငန်းမှာ လက်တွေ့အသုံးချလုပ်ကိုင်နေတာလို့ဆိုပါတယ်။ သင်တန်းကရရှိလာတဲ့ လုပ်ငန်းတူသူငယ်ချင်းတွေရဲ့ အကူအညီနဲ့ Facebook နဲ့အခြားအွန်လိုင်း Application တွေ၊ Webside ချိတ်ဆက်နည်းတွေက သူရဲ့အွန်းလိုင်း Marketing ကိုအများကြီးအထောက်အကူပြုတယ်လို့ ဆိုပါတယ်။




KFC အနေနဲ့ ဖောက်သည်တွေကို အမြဲတမ်းထိတွေ့လိုတဲ့ရည်ရွယ်ချက်ရယ် Customer တွေရဲ့အဆင်မပြေမှုတွေကိုအချိန်ပြည့်ပြန်လည်ဖြည့်ဆည်းလိုတဲ့ ဆန္ဒတွေနဲ့ KFC Myanmar Facebook Page ကို ၂၀၁၄ ခုနှစ်ကုန်ပိုင်းမှာ ပြည်တွင်းက Agency အကူအညီနဲ့ စတင်ခဲ့တာဖြစ်ပါတယ်။

Facebook Page စတင်ချိန် ပြည်တွင်းက Marketing Agency တစ်ခုကို ငှားရမ်းအသုံးပြုသော်လည်း KFC Page ကို စိတ်ဝင်တစား လာရောက်အကြံပေးသူတွေအပေါ် တုံ့ပြန်မှုတွေက စိတ်ကျေနပ်ဖွယ်မကောင်းတာကြောင့် ကိုဇင်ဆက်အနေနဲ့ ၂၀၁၅ ခုနှစ် နိုဝင်ဘာမှာ ကိုယ်တိုင်ဦးစီးပြီး Page Status နဲ့ Comment တွေကို ပြန်လည်ဖြေကြားပေးတဲ့ ဝန်ဆောင်မှု ကို စတင်ခဲ့တာလို့ဆိုပါတယ်။

KFC Myanmar Page ကို ကိုယ်တိုင်ဦးဆောင်ချိန်မှာ Customer နဲ့ Brand Page ကြား Two Way Communication ပုံစံနဲ့ ဆောင်ရွက်ခဲ့ပြီး ဒါဟာ KFC အတွက် အောင်မြင်တဲ့ အွန်လိုင်း Page တစ်ခုအဖြစ်ရောက်ရှိစေတယ်လို့လည်း ဆိုပါတယ်။ Customer တွေရဲ့ခံစားချက်ကို ဖွင့်ထုတ်နိုင်တဲ့ Channel တစ်ခုဖန်တီးထားပြီး ယင်းအပေါ်မှာလည်း အချိန်ပြည့် ပြန်လည်တုံ့ပြန်ပေးတာက ကိုယ့် Brand ကိုအားပေးသူတွေရဲ့စိတ်ကျေနပ်မှုကို ပိုပြီးတိုးပွားစေတယ်လို့ ကိုဇင်ဆက်ကပြောပါတယ်။

ကိုဇင်ဆက်က " ကိုယ်တိုင်လုပ်တော့ Passion လည်းမတူဘူး၊ နောက်ကိုယ့်လုပ်ငန်းကနေ ဖောက်သည်တွေကို အရေးတကြီး အသိပေးလိုတဲ့ Message တွေကို အချိန်ပြည့်တင်နိုင်ဖို့က Agency တွေရဲ့သတ်မှတ်အချိန်က အခက်အခဲဖြစ်နေတယ်၊ ဝန်ဆောင်ခကလည်း များတယ်လို့ယူဆတာနဲ့ကိုယ်တိုင်ပဲလုပ်တယ်" လို့ပြောပါတယ်။ Digital Marketing နဲ့ပတ်သက်ပြီး Agency အပ်တဲ့ စီးပွားရေးလုပ်ငန်းတွေရဲ့အခက်အခဲပဲလို့ဆိုပါတယ်။

ကိုယ်တိုင်ဝင်ရောက်လုပ်ကိုင်မှုကလုပ်ငန်းအရွယ်အစားသေးငယ်ချိန်မှာအခက်အခဲမရှိနိုင်ပေမယ့် လုပ်ငန်းကြီးလာပါက နိုင်နိုင်နင်းနင်းလုပ်ကိုင်ဖို့မလွယ်ကူတာကို သူကဝန်ခံပြောဆိုပါတယ်။ ဒါ့အပြင် ကိုယ်တိုင်ဆောင်ရွက်တဲ့အတွက်ကိုယ်တင်မယ့်အကြောင်းအရာတွေကို လူတွေဘယ်လိုစိတ်ဝင်စားအောင် ဆောင်ရွက်ရမလဲဆိုတဲ့ Idea တွေကို စဉ်းစားရတဲ့အလုပ်တွေ ပိုလာတယ်လို့ဆိုပါတယ်။ လက်ရှိမှာတော့ KFC Page ကို Like လုပ်ထားတဲ့အားပေးသူက (၂) သိန်းခွဲဝန်းကျင်ရှိနေပြီး ဒါဟာစားသောက်ကုန်လုပ်ငန်းတစ်ခုအတွက် မြင့်မားတဲ့အွန်လိုင်းအားပေးမှုတစ်ခုဖြစ်ပါတယ်။

KFC အနေနဲ့ Customer တိုင်းရဲ့အကြံပြုချက်တွေ၊ ဝေဖန်ချက်မှန်သမျှကို အချိန်ပြည့်ပြန်လည်ဖြေကြားခြင်း အကျိုးရလဒ်အနေနဲ့ ဆိုင်တွေရဲ့ရောင်းအားက ဒီနောက်ပိုင်းမှာ ၂၀ ရာခိုင်နှုန်းလောက် ပိုတိုးတက်လာတယ်လို့ ဆိုပါတယ်။ အွန်လိုင်း Digital Marketing ရဲ့ထိရောက်မှုက တုံ့ပြန်မှုမြန်ဆန်သလို ဘယ်လောက်ထိရောက်မှုရှိသလဲဆိုတာ တိုင်းတာလို့ရစေတယ်လို့ ဈေးကွက်တာဝန်ရှိသူက ဆိုပါတယ်။

Digital Marketing မှာအသုံးပြုနေတဲ့ KFC ရဲ့ဘတ်ဂျက်က တစ်နှစ်တာကြော်ငြာအသုံးစရိတ်ရဲ့ (၈) ရာခိုင်နှုန်းသာရှိပေမယ့် ထိရောက်မှုအရှိဆုံးနေရာမှာရပ်တည်နေတယ်လို့သိရပါတယ်။ တခြားသော Media Platform တွေကို အလျဉ်းသင့်သလိုအသုံးပြုနေပေမယ့် တကယ်ကြီးကြီးမားမားလှုပ်ရှားမှုတွေပဲဖြစ်တယ်လို့ဆိုပါတယ်။

အွန်လိုင်း Digital Marketing ကို Social Media ကနေလုပ်ဆောင်ရမှာ KFC အနေနဲ့ အသက် ၂၃ မှ ၃၅ ကြားရှိတဲ့ လူငယ်တွေကို ပစ်မှတ်ထားပြီး အသက် ၃၅ နှစ်အထက် Customer တွေကိုတော့ TV Channel တွေကနေ ဦးတည်ဆွဲဆောင်တယ်လို့ သိရပါတယ်။ အွန်လိုင်းမားကတ်တင်းနဲ့ကြော်ငြာ Idea တွေကို အခြားနိုင်ငံတွေမှာရှိတဲ့ KFC ရုံးတွေက ဆောင်ရွက်ထားတဲ့ နမူနာတွေရှိသလို မြန်မာလူမျိုးတွေနဲ့ ကိုက်ညီစေမယ့် ပုံစံတွေကိုလည်း စဉ်းစားပေါင်းစပ်ပြီးလုပ်ကိုင်တယ်လို့ သိရပါတယ်။

KFC Myanmar Website ကိုတော့ မန္တလေးဆိုင်ခွဲဖွင့်လှစ်ပြီးချိန်မှာတရားဝင်ထုတ်ပြန်သွားမှာဖြစ်ပြီး Dilivery Services တွေလည်း ရှိလာမှာဖြစ်တယ်လို့ ဈေးကွက်တာဝန်ခံ ကိုဇင်ဆက်ကပြောပါတယ်။ လက်ရှိ KFC Myanmar Facebook Page ကိုလည်ပတ်နေရင်း လူသုံးများတဲ့ Viber နဲ့ Wechat တို့ကနေ Online Digital ဈေးကွက်တိုးချဲ့ဖို့ ဆောင်ရွက်နေတယ်လို့သိရပါတယ်။ အွန်လိုင်း Video Clip လေးတွေ ဖန်တီးဖို့ရှိပေမယ့် Connection အခက်အခဲကြောင့်ဓာတ်ပုံလေးတွေကိုစုစည်းထားတဲ့ GIF ဖိုင်လေးတွေကိုသာ ဦးဆုံးဖန်တီးသွားမယ်လို့ ဆိုပါတယ်။

KFC Myanmar Facebook Page အနေနဲ့တစ်ပတ် (၃) ရက်လောက်ပုံမှန် Status တွေတင်နေပြီး ထူးခြားတဲ့လှုပ်ရှားမှုတွေရှိပါက တစ်ပတ် (၄) ကြိမ်လောက် တင်ဖြစ်တယ်လို့ ဆိုပါတယ်။ Facebook Page ကို ဦးဆောင်လည်ပတ်နေတဲ့ ကိုဇင်ဆက်အနေနဲ့ KFC မတိုင်ခင် Technoland နည်းပညာကုမ္ပဏီမှာ ဝင်ရောက်လုပ်ကိုင်ခဲ့ပြီး လက်ရှိမှာ KFC ရဲ့ Marketing Associate အနေနဲ့ တာဝန်ထမ်းဆောင်နေပါတယ်။ အွန်လိုင်း Digital Marketing အတွက် ထိရောက်တဲ့နည်းလမ်းတွေ များစွာရှိပေမယ့် ကိုဇင်ဆက်အနေနဲ့ ကိုယ့်လုပ်ငန်း အံ့ဝင်ခွင့်ကျဖြစ်မဖြစ်ကို အမြဲတမ်းသုံးသပ်ပြီးမှသာလက်တွေ့အသုံးချနေတယ်လို့ ဆိုပါတယ်။

ပြိုင်ဆိုင်မှုများတဲ့ မြန်မာနိုင်ငံရဲ့ Mobile အင်တာနက်ကွန်ရက်က ဒီထက်တိုးတက်လာဦးမှာဖြစ်လို့ လုပ်ငန်းတိုင်းက ကိုယ့်ရဲ့ Brand တွေကိုဘယ်လို Digital Marketing Strategy တွေနဲ့ထိုးဖောက်ကြမလဲ ဘယ်လုပ်ငန်းတွေက ဘယ်လောက်ထိအောင်မြင်အောင်ဆောင်ရွက်နိုင်မလဲဆက်ပြီးစောင့်ကြည့်ရမှာဖြစ်ပါတယ်လို့ KFC Myanmar ရဲ့ ဈေးကွက်တာဝန်ခံ ကိုဇင်ဆက်ကပြောဆိုသွားပါတယ်။

# Electronic Commerce



bkfrmef;atmif

ဒီတစ်ပတ်မိတ်ဆက်ပေးမှာကတော့ Gary Schneider ရေးထားတဲ့ Electronic Commerce ဖြစ်ပါတယ်။ Gary Schneider ဆိုတာကတော့ Quinnipiac University မှာ စာရင်းအင်းဘာသာရပ်ကို သင်ကြားနေတဲ့ ပါမောက္ခတစ်ယောက်ဖြစ်ပါတယ်။ စာရင်းအင်းပညာ၊ သတင်းအချက်အလက်နည်းပညာ၊ စီမံခန့်ခွဲမှု၊ အီလက်ထရောနစ် ကူးသန်းရောင်းဝယ်ရေး စတဲ့ ဘာသာရပ်တွေနဲ့ ပတ်သက်ပြီး စာအုပ်ပေါင်း ၅၀ကျော်၊ သုတေသနစာစောင်ပေါင်း ၁၀၀ကျော်တို့ကိုရေးသားထားသူလည်း ဖြစ်ပါတယ်။




အင်တာနက်ပေါ်ကနေ စီးပွားရေးလုပ်ဖို့ စတင်စဉ်းစားလာကြတဲ့ ၁၉၉၀ ပြည့်နှစ် ပထမလှိုင်းကနေစပြီး ခုနောက်ပိုင်းခေတ် တတိယလှိုင်းရောက်လာတဲ့အထိ အီလက်ထရောနစ်ကူးသန်းရောင်းဝယ်ရေးရဲ့ အနိမ့်အမြင့် ဖြတ်လမ်းစုံကို Case Study များ ဝေဝေဆာဆာနဲ့ ဖော်ပြပေးထားပါတယ်။

လက်ရှိလုပ်ငန်းစရိတ်တွေကို နည်းပညာသုံးပြီး လျှော့ချနိုင်မယ့် နည်းလမ်းတွေ၊ အီလက်ထရောနစ်ကူးသန်းရောင်းဝယ်ရေးစမယ့် လုပ်ငန်းသစ်တစ်ခုအတွက်ဆောင်ရန်ရှောင်ရန်များလည်း ပါပါတယ်။ ဈေးကွက်ချဲ့ထွင်ရေး၊ အရောင်းမြှင့်တင်ရေးတွေကိုလည်း လူမှုကွန်ရက်ဝက်ဘ်ဆိုဒ်တွေပေါ်ကနေ လုပ်လာကြပြီး ခုနောက်တစ်ဆင့် မိုဘိုင်းဖုန်းများမှလည်း ဈေးကွက်များထိုးဖောက်လာကြပုံများလည်း ပါဝင်မှာဖြစ်ပါတယ်။

စီးပွားရေးလုပ်ငန်းရှင်တစ်ယောက်အနေနဲ့ မဖြစ်မနေစောင့်ထိန်းရမယ့် ကျင့်ဝတ်တွေကြောင်း၊ အခွန်ကိစ္စတွေနဲ့ဥပဒေရေးရာ၊ အင်တာနက်ပြစ်မှုတွေ၊ အင်တာနက်အကြမ်းဖက်မှုတွေ စတဲ့ အင်တာနက်အကြောင်းအရာအပြည့်အစုံကိုလေ့လာနိုင်မှာပါ။ နိုင်ငံတကာအစိုးရတွေရဲ့ အီလက်ထရောနစ်ကူးသန်း ရောင်းဝယ်ရေးမူဝါဒတွေ၊ ရိုးရာယဉ်ကျေးမှုတွေက ကိုယ့်ရဲ့လုပ်ငန်းအပေါ် ဘယ်လိုတွေ သက်ရောက်မှုတွေကိုလည်း ဖော်ပြထားပါတယ်။

အီလက်ထရောနစ် ကူးသန်းရောင်းဝယ်ရေးကို လုပ်ဆောင်နေကြတဲ့လုပ်ငန်းအနေနဲ့ အသုံးဝင်မယ့်ဆော့ဖ်ဝဲတွေအကြောင်း၊ အင်တာနက်ဝန်ဆောင်မှုတွေ၊ အချက်အလက် စီမံခန့်ခွဲမှုတွေနဲ့ ပတ်သက်ပြီးလည်း ဖော်ပြပေးထားပါတယ်။ အွန်လိုင်းငွေပေးချေမှုစနစ်တွေနဲ့ ပတ်သက်ပြီးတော့လည်းအကျယ်တဝင့် ရှင်းပြထားပါတယ်။

နောက်ဆုံးမှာတော့ စာအုပ်တစ်အုပ်လုံးကို ခြုံငုံပြီး အီလက်ထရောနစ် ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းတစ်ခုရဲ့ နည်းပညာတွေ မဟာဗျူဟာတွေ ချမှတ်၊ ကုန်ကျစရိတ်တွေ အမြတ်တွေတွက်ချက်ကာ Business Plan တစ်ခုဖြစ်လာတဲ့အထိ လမ်းညွှန်ပေးထားပြီးနိဂုံးချုပ်ထားတာကို တွေ့ရပါတယ်။

ဒီနေ့ခေတ် ဆိုင်ခန်းငှားခ၊ အလုပ်သမားလခနဲ့ အခြားအခြားသော များလွန်းတဲ့ အထွေထွေအသုံးစရိတ်တွေက ကိုယ်ပိုင်စီးပွားရေးစလုပ်မယ့် စွန့်စားလုပ်ကိုင်သူတွေအတွက် ကြီးမားလွန်းတဲ့ အတားအဆီးတစ်ခုဖြစ်နေပါတယ်။ အဲ့ဒီအတားအဆီးတွေကို ကျော်လွှားနိုင်မယ့်တစ်ခုတည်းသောနည်းလမ်းကအင်တာနက်အခြေပြုတဲ့ စီးပွားရေးလုပ်ငန်းတစ်ခုစတင်ဖို့ပဲဖြစ်ပါတယ်။

အရေးအသားကလည်း ရိုးရှင်းပြီး နည်းပညာပိုင်းဆိုင်ရာစကားလုံးတွေကိုလည်း မသုံးထားတဲ့အတွက် ဒီစာအုပ်ကိုဖတ်ဖို့ကတော့ အီလက်ထရောနစ်ကူးသန်းရောင်းဝယ်ရေးနဲ့ ပတ်သက်ပြီး တစ်ခါမှ မလေ့လာဖူးတဲ့သူတွေလည်း ဖတ်လို့အဆင်ပြေနိုင်ပါတယ်။

နှစ်ဆယ့်တစ်ရာစုရဲ့ စီးပွားရေးလုပ်ငန်းတွေအတွက် မရှိမဖြစ်အရေးပါတဲ့ ကဏ္ဍအနေနဲ့ ပေါ်ပေါက်လာမယ့်အီလက်ထရောနစ်ကူးသန်းရောင်းဝယ်ရေးနည်းပညာကို အကောင်းဆုံးအသုံးချပြီး အောင်မြင်မှုတွေကို ဆက်လက်ထိန်းသိမ်းသွားနိုင်ကြပါစေလို့ ဆုတောင်းပေးလိုက်ပါတယ်ခင်ဗျာ။ ပျော်ရွှင်စရာ မြန်မာ့နှစ်သစ်ဖြစ်ပါစေခင်ဗျာ။ ■







## aemufausmzHkS quf

သင်တန်းများကို **STRATEGY FIRST** တွင် လက်ရှိအခြေအနေတွင် ဆက်လက်ဖွင့်လှစ်ပါမည်။ **STRATEGY FIRST** သည် Ofqual သတ်မှတ်ချက်ရှိသော Chartered Institute of Marketing (CIM, UK) နှင့် NCC Education, UK တို့မှ လက်မှတ်များကိုလည်း သင်ကြားပေးနေပြီး နိုင်ငံတကာ တက္ကသိုလ်ကြီး (၂)ခု မှ ယုံကြည်မှုရရှိကာ ၎င်းတို့၏ MBA သင်တန်းများကို ဖွင့်လှစ်သွားတော့မည်ဖြစ်ပါသည်။

(၆)နှစ်တာ သက်တမ်းတစ်လျှောက်လုံးတွင် **STRATEGY FIRST** သည် ကျင့်ဝတ်နှင့် လျော်ညီစွာ ပွင့်လင်းမြင်သာစွာ၊ တာဝန်ယူမှု အပြည့်နှင့် ဆောင်ရွက်ပေးခဲ့ပြီး ယခုလည်း ထိုမူဝါဒအတိုင်းသာ ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါသည်။ ဖြစ်ပေါ်လာသော ကိစ္စရပ်များကို ကျောင်းသား/ကျောင်းသူများထံ ပွင့်လင်းမှုရှိစွာ အကြောင်းကြားပေးသွားမည်ဖြစ်ပြီး ကျောင်းသား/သူဟောင်း/သစ်များ နစ်နာမှုမရှိစေရန် အပြည့်အဝ တာဝန်ယူပေးပါမည်။

ICM စာမေးပွဲကြေးသွင်းထားသူများကို ဖြေဆိုနိုင်အောင် စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်ပြီး UK စာမေးပွဲများကိုလည်း ဆက်လက်ဖြေဆိုနိုင်မည်ဖြစ်ပါသည်။

ဇွန်လအတွက် ICM စာမေးပွဲကြေးသွင်းထားသူများလည်း မဖြေဆိုလိုပါကလည်း **STRATEGY FIRST** မှ စာမေးပွဲကြေးများကို စိုက်ထုတ်ပေးလျော်ပေးသွားပါမည်။

ယခုဖြစ်ပေါ်နေသောအခြေအနေရှုပ်ထွေးမှုသည် ဖြစ်စဉ်နှင့် အဖွဲ့အစည်းများ သဘောသဘာဝကို နားမလည်သော ပြင်ပဘက်များမှ MBA များဖွင့်လှစ်ခါနီးအချိန်တွင် အချိန်ကိုက်အခွင့်အရေးယူပြီး ICM လက်မှတ်များကို "Fake Diploma" အဖြစ် တိုက်ခိုက်မှုများလည်း ရှိလာပါသည်။ ICM သည် စာမေးပွဲစနစ်တကျ စစ်ဆေးခြင်းမရှိဘဲ သင်တန်းများကို ကြီးကြပ်ခြင်းမရှိဘဲလက်မှတ်များရိုက်ထုတ်ပေးနေသော လက်မှတ်တုစက်ရုံ "Diploma/Degree Mill" မဟုတ်သဖြင့် အရည်အသွေးမပြည့်၊ အတုဟု စွပ်စွဲပြောဆိုနေခြင်းများ၊ တိုက်ခိုက်နေခြင်းများသည် ကျောင်းသား/သူများနှင့် ကျောင်း၏ဂုဏ်သိက္ခာကိုထိပါးသော အရေးအသား၊ အပြောအဆိုများကို ပြင်းထန်စွာ သတိပေးတားမြစ်ပါသည်။ ထို့ကြောင့် နှုတ်အားဖြင့်သော်လည်းကောင်း၊ စာအရေးအသားအားဖြင့်သော်လည်းကောင်း ထိုသို့ဆက်လက်ဆောင်ရွက်ပါကတည်ဆဲဥပဒေများအရ အရေးယူမည်ဖြစ်ပါသည်။

အခြေအနေကြောင့် စိတ်သောက ဖြစ်ရသော ကျောင်းသား/သူများကိုလည်း အထူးတောင်းပန်အပ်ပါသည်။ အားပေးကူညီကြသော ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများကို အထူးကျေးဇူးတင်ရှိပါသည်။

အသေးစိတ်သိရှိလိုပါကကျောင်းသို့အချိန်မရွေး ဆက်သွယ်နိုင်ပါသည်။

လေးစားစွာဖြင့်
အောင်ချစ်ခင်
**Principal/ Managing Director**

The STRATEGY FIRST Times

# Why we do what we do

**Strategy First** Timesရဲ့Ted Talk ကဏ္ဍ Ted.com က ကမ္ဘာကျော်တွေနဲ့ Interview တွေ၊ စီးပွားရေးလုပ်ငန်းရှင်တွေနဲ့ တွေ့ဆုံခန်းတွေ၊ ပညာရပ်ဆိုင်ရာ လေ့လာစရာတွေကိုအပတ်စဉ်ဖော်ပြသွားမှာ ဖြစ်ပါတယ်။ ဖော်ပြထားတာက Video ဖြစ်ပြီးတော့ Video ဝင်ကြည့်ဖို့ Mobile Phone နဲ့ ပေးထားတဲ့ QR Code ကို Camera ကနေ Scan လုပ်ရမှာပါ။ QR Code Scanner Applicationတွေကိုတော့ Google Playstore ၊ App Store တို့ကနေ Download ဆွဲလို့ရပါတယ်။

ဒီတစ်ပတ်မှာတော့ Tony Robbins ရဲ့ Why we do what we do ဆိုတဲ့ Video တိုလေးကို ဖော်ပြမှာဖြစ်ပါတယ်။



အောင်မြင်ဖို့အတွက် Action ယူရမယ်၊ လှုပ်ရှားရမယ်၊ လုပ်ကိုင်ရမယ်လို့ကျွန်တော်တို့ကြားဖူးပါတယ်။ ဒီစကားတွေကမှန်ကန်ပေမယ့်လည်း Action ယူဖို့၊ လုပ်ဆောင်ဖို့အတွက် စိတ်အားထက်သန်မှုနဲ့ စိတ်ဆန္ဒကို အရင်ရှာဖွေရပါမယ်။ ခင်ဗျား ဘာဖြစ်လို့ စွန့်ဦးတီထွင်လုပ်ငန်းရှင်တစ်ယောက်ဖြစ်ချင်ရတာလဲ၊ ခင်ဗျားရဲ့ ထုတ်ကုန်ဒါမှမဟုတ်ဝန်ဆောင်မှုတွေက လူတွေရဲ့ဘဝတွေကို ပြောင်းလဲသွားအောင်၊ ဒါမှမဟုတ် သူတို့ရဲ့ နေ့စဉ်ဘဝတွေတိုးတက်အောင်လုပ်ပေးနိုင်ချေရှိလို့လား။ ဒါမှမဟုတ် ချမ်းသာချင်ရုံ သက်သက်ကြောင့်ပဲ အောင်မြင်တဲ့ စွန့်ဦးတီထွင်လုပ်ငန်းရှင်တစ်ယောက်ဖြစ်ချင်တာလား။

ဒီ TED TALK မှာ နာမည်ကျော် Motivational Speaker တစ်ယောက်ဖြစ်တဲ့ Tony Robbins က လူတွေကိုဘယ်အကြောင်းအရာတွေက အောင်မြင်ချင်စိတ် ဖြစ်ပေါ်စေပြီးတော့ ဘယ်အရာတွေက အလုပ်လုပ်ဖို့ တွန်းအားပေးနေလဲဆိုတာကို ရှင်းလင်းထားပါတယ်။ သူပြောပြထားတာကတော့ အောင်မြင်မှုဆိုတာစိတ်ခံစားချက်တွေကို နားလည်ပြီးတော့ တစ်ပါးသူတွေရဲ့စိတ်ဆန္ဒ၊လိုချင်တဲ့ အရာတွေကိုသိရှိတဲ့အချိန်မှာ ရရှိလာပါတယ်တဲ့။

ဒီဗီဒီယိုဟာလူကြိုက်အများဆုံး TED TALK ဗီဒီယိုတွေထဲက တစ်ခုဖြစ်ပြီး ကြည့်ရှုသူသန်းပေါင်းများစွာ ရှိပါတယ်။ Tony Robbins ဟာ အမေရိကန်နိုင်ငံသားMotivational Speaker၊ ငွေကြေးစီမံခန့်ခွဲရေး အကြံပေးနဲ့စာရေးဆရာတစ်ယောက် ဖြစ်ပါတယ်။ သူဟာ (၃)ရက်ကြာ Seminar တွေကိုလုပ်လေ့ရှိပြီး ဒီဗီဒီယိုမှာတော့ သူ့ရဲ့ (၃) ရက်စာ သင်ကြားမှုကို အတိုချုံ့ကာ မိနစ် ၂၀ ထဲနဲ့ပြောထားတာဖြစ်ပါတယ်။ ၂၀၀၇ ခုနှစ်မှာ Tony Robbinsဟာ Forbes Magazine ရဲ့ 100 Celebrity စာရင်းမှာဖော်ပြခြင်းခံခဲ့ရပါတယ်။

## Strategy First Times Crosswords



### Clues - On Television

**Across**

2. A short advertisement
3. A type of TV service provider. They install a dish on your roof so you can get more channels
4. Animated shows for kids
6. One installment of a show. Usually 30 or 60 minutes long
7. A program that discusses current events
10. Famous_______shows: Jeopary, Wheel of Fortune, Who Wants to be a Millionaire?
11. On a__________show, the host interviews a series of special celebrity guests
12. A funny show with lots of jokes

**Down**

1. shows usually involve police officers investigating mysterious crimes
4. A type of TV service provider. They install a special wire into your TV so you can get more channels.
8. A very dramatic daytime TV show
9. An emotional or serious show
5. A new type of TV show that films the lives of real people

## အရင်အပတ်မှ Crosswords အဖြေများ

### Clues - On Television

**Across**

2. commercial
3. satellite
4. cartoons
6. episode
7. new
10. game
11. talk
12. comedy

**Down**

1. detective
4. cable
8. soap
9. drama
5. reality





# Basic Excel Tutorial 1.4

Zifmv if(Global Link Technology)




| | A | B | C | D | E | F | G | H | I | J | K | L | M |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 20 | Sales Report for Year 2015 | | | | | | | | | | | | |
| 22 | Product Name | January | February | March | April | May | June | July | August | September | October | November | December |
| 23 | Shirt | 92 | 87 | 190 | 176 | 174 | 88 | 188 | 138 | 39 | 168 | 69 | 78 |
| 24 | Pants | 166 | 31 | 123 | 22 | 60 | 40 | 49 | 39 | 88 | 37 | 144 | 172 |
| 25 | Coats | 31 | 80 | 47 | 120 | 82 | 48 | 24 | 136 | 200 | 105 | 134 | 145 |
| 26 | T-Shirts | 151 | 182 | 59 | 116 | 79 | 125 | 45 | 181 | 42 | 59 | 52 | 155 |

ဒီတစ်ပတ်မှာတော့ မိမိရဲ့ Worksheet တစ်ခုတည်းမှာ data အမြောက်အမြား (၁၀၀ နှင့် အထက်) ရှိပါက Section တစ်ခုချင်းစီမှ Data များကို ယှဉ်ကြည့်လိုရင် Excel မှာ နည်းလမ်းများစွာရှိတဲ့အထဲမှ Split လုပ်ပြီးကြည့်နည်းကို ပြောပြလိုပါတယ်။ Worksheet ကို Split လုပ်ကြည့်ဖို့ မိမိလက်ရှိဖွင့်ထားတဲ့ Workbook ကို နောက်ထပ် Window ထပ်ခွဲဖွင့်ဖို့မလိုဘဲ လက်ရှိ Window မှာပင် ပြုလုပ်နိုင်ပါတယ်။

Split Command ဟာ Worksheet ကို Multiple Pane အဖြစ် ပိုင်းပြီး Pane တစ်ခုချင်းစီကို Scroll Bar နဲ့ဆွဲပြီး မိမိလိုသလိုအထက်အောက်၊ ဘယ်ညာ ယှဉ်ကြည့်နိုင်ပါတယ်။

အောက်ပါနည်းလမ်းများအတိုင်း ပြုလုပ်နိုင်ပါတယ်။

၁။ မိမိဖွင့်ထားတဲ့ Worksheet မှာ Split လုပ်လိုတဲ့နေရာရှိ Cell ကွက်မှာ Select မှတ်ပါ။

၂။ View Tab မှ Split Command ကိုနှိပ်ပါ။

၃။ ထိုအခါ Worksheet ကို Vertical, Horizontal Divider နဲ့ Pane 4 ခု ပိုင်းပြပေးပါတယ်။။ Pane တစ်ခုချင်းစီမှ Data များကို Scroll Bar နဲ့ဆွဲပြီး မိမိလိုသလို ယှဉ်ကြည့်နိုင်ပါတယ်။

၄။ Pane တစ်ခုချင်းစီရဲ့ Size အကြီးအသေးပြင်ကြည့်လိုရင် Vertical (or) Horizontal divider ကို မိမိလိုသလို Drag ဆွဲပြီး ချဲ့ ချုံ့ ပြုလုပ်နိုင်ပါတယ်။

၅။ Split ပိုင်းထားတဲ့ အနေအထားမှ ပြန်ဖြုတ်လိုရင် View Tab မှ Split Command ကို ပြန်နှိပ်ပါ။

မိမိ Worksheet မှ Data များကို မိမိကြည့်လိုတဲ့ မြင်ကွင်းအနေအထားနဲ့ ချဲ့ ချုံ့ ကြည့်နိုင်ဖို့ Zoom Command ကို အသုံးပြုနိုင်ပါတယ်။

၁။ View Tab မှ Zoom Command ကိုနှိပ်ပါ။

၂။ Zoom Dialog Box ကျလာရင် မိမိကြိုက်နှစ်သက်ရာ Percentage Option ကိုရွေးချယ်ပါ။ Custom တွင်ရိုက်ထည့်ပြီးလည်း အသုံးပြုနိုင်ပါတယ်။ OK ကိုနှိပ်ပါ။

၃။ Zoom အနေအထားဟာ အနည်းဆုံး ၁၀% မှ အများဆုံး ၄၀၀% အထိကြည့်နိုင်ပါတယ်။ ပုံမှန်အနေအထား ပြန်ထားလိုရင် ၁၀၀ % ကို ပြန်ရွေးပါ။ Tip: Zoom အနေအထားကို Window ရဲ့အောက်ခြေရှိ Status Bar မှလည်း အသုံးပြုနိုင်ပါတယ်။ ■

## cuf , jy/wf , f





arouEŠf

ဒီတစ်ပတ်မှာတော့ သင်္ကြန်လည်း နီးလာပြီဖြစ်တဲ့အတွက် သင်္ကြန်တွင်း မုန့်လုပ်စားဖို့အတွက် လုပ်ရတာလွယ်ကူပြီး စားလို့ကောင်းတဲ့ မုန့်လေးတွေကို ဒီတစ်ပတ် ဖော်ပြပေးချင်ပါတယ်။

မုန့်လေးတွေလို့ပြောတာကတော့ သာကူကိုပဲ အသုံးပြုပြီး လုပ်စားလို့ရတဲ့ မုန့်လေးတွေကိုဖော်ပြပေးချင်ပါတယ်။ Facebook ကပဲ Ma Wutyee Food House မှာ ပြုလုပ်နည်းလေးတွေတွေ့လို့ ဖော်ပြပေးလိုက်ပါတယ်။

### သာကူအုန်းနို့ဆမ်း

သာကူ၊ အုန်းနို့၊ ခရင်၊ ထန်းလျက်၊ ဆား၊ Green Apple Essence (သို့) ဆူးမွှေး၊ ငှက်ပျောရွက်တို့ လိုအပ်ပါတယ်။

ပထမဆုံးအနေနဲ့ သာကူ ၂၀၀ ဂရမ်ကို ရေ (၂) လီတာလောက်ထဲမှာ ထည့်ကြိုပါ။ မွှေပေးရပါမယ်။ သာကူအဆံလေးများမရှိတော့ရင်တော့ ဆယ်ပြီး ရေအေးထဲစိမ်ထားပေးပါ။ သာကူကို ပန်းကန် (၂) ခုထဲခွဲထားပေးပြီး ပန်းကန်တစ်ခုထဲသို့ ဆူးမွှေးအနှစ် လက်ဖက်ရည်ဇွန်းတစ်ဇွန်းခန့်ထည့်ပြီး သာကူများအစိမ်းရောင်ဖြစ်တဲ့အထိ မွှေပေးပါ။ ငှက်ပျောရွက်ကို မီးကင်ပြီးကတော့ ပုံပြုလုပ်ကာ သာကူအဖြူကို အရင်ထည့်ပြီး သာကူအစိမ်းကို အပေါ်ကထည့်ကာ ဖက်နှင့်ထုပ်ပြီး သွားကြားထိုးတံဖြင့် ပိတ်ထားပေးပါ။



ရေခဲသေတ္တာအပေါ်အအေးခန်းတွင် နာရီဝက် (သို့) (၄၅) မိနစ်ခန့်ထားပေးပါ။ သာကူအအေးခံထားချိန်တွင် အုန်းနို့ (၁၆၀) ဂရမ်နှင့် ဆားတို့ကို ကြိုချက်ထားပေးပါ။ ထန်းလျက် (၁၀) သားခန့်ကို နုပ်နုပ်စဥ်းကာ ရေ (၁၅၀) ဂရမ် ထည့်ပြီး ထန်းလျက်အရည်ပျော်တဲ့အထိ တည်ထားပါ။ အအေးခံထားတဲ့ သာကူလေးရပြီဆိုရင် ပန်းကန်ထဲထည့်ကာ အုန်းနို့အရည်နဲ့ ထန်းလျက်ရည်လေးဆမ်းပြီး သာကူအေးအေး ချိုချိုလေးကို သုံးဆောင်နိုင်ပါတယ်။

### သာကူကြို

သာကူကြိုထားတဲ့အဆင့်ထိပြီးတဲ့အခါ ဖက်နဲ့မထုပ်ဘဲ သကြားနဲ့ ဆားရောက သာကူအစေ့များပျောက်တဲ့အထိကြိုပေးပါ။ ကန်ဖွန်းဥ (သို့) အာလူးကို နူးအိနေအောင်ထားပြီး အတုံးလေးများလှီးကာ သာကူကြိုထဲကို အုန်းနို့ရည်နဲ့အတူထည့်ပေးပါ။ အုန်းနို့မကြိုက်ရင်လည်း ထန်းလျက်ထည့်ကာ မီးအေးအေးလေးနဲ့ ရောမွှေပေးပြီး သာကူပူပူလေးကိုလည်း သုံးဆောင်နိုင်ပါပြီ။ အုန်းသီးကြိုက်ပါက အုန်းသီးခြစ်မျှင်လေးများထည့်ပြီး သုံးဆောင်နိုင်ပါတယ်။

Ref: https://www.facebook.com/wutyeefoodhouse/?fref=ts

# စံ – ဇာဇာဘို ဟောစာတမ်း

၂၀၁၆ ဧပြီ (၄) ရက်နေ့မှ ၂၀၁၆ ဧပြီ (၁၇) ရက်နေ့အထိ



## တနင်္ဂနွေနေ့မွေးသူများ

ရုတ်တရက်ပြောင်းလဲလာသော အပြောင်းအလဲများနှင့် လိုက်လျောညီထွေအောင်ဆောင်ရွက်ရမည်။ တစ်ပါးသူပြောစကားအပေါ် ယုံကြည်အားထား၍ဆောင်ရွက်ရန်မသင့်။ မျက်ကွယ်ရင်းနှီးမြှုပ်နှံမှုများ၊ ယုံကြည်လွှဲအပ်ရင်းနှီးမြှုပ်နှံမှုများ ရှောင်ကြဉ်ပါ။ ဝယ် ယူသောပစ္စည်း မှန်သမျှ စနစ်တကျ စစ်ဆေးပြီးမှ လက်ခံပါ။ တာဝန်ယူခြင်း၊ အာမခံခြင်းမပြုရ။ ပစ္စည်းမလျောင်ရ။ ပြဿနာအခက်အခဲကြုံက ချက်ချင်းရင်ဆိုင်ဖြေရှင်းပါ။ ပေါ့ပေါ့တန်တန် သဘောထားသည်များပင် ပြဿနာအကြီးစားဖြစ်တတ်သည်။ ဤကာလအတွင်း ကံကောင်းစေသောအရောင် – အဖြူရောင်၊ မီးခိုးရောင်၊ အစိမ်းရောင်။ အကျိုးပေးဂဏန်း – ၀၊ ၅၊ ၆၊ ၃။ ယတြာ – ကြေးလင်ပန်းပေါ်တွင် ထမင်း (၅) ပုံပုံ၍ ဆီဆမ်းဘုရားကပ်လှူခြင်း မကြာခဏပြုပါ။

## တနင်္လာနေ့မွေးသူများ



ပြဿနာဟောင်းများ ဖြေရှင်းအဆင်ပြေမည်။ ကြားဝင်စကားရှုပ်သောသူများနှင့်ကြုံရမည်။ ရန်အနှောင့်အယှက်များပြန်လည်ဖြေရှင်းရမည်။ စုပေါင်းတွဲဖက်ဆောင်ရွက်သောကိစ္စများမှထူးခြားသောအကျိုးဆက်ရမည်။ ဦးတည်ချက်ပြောင်း၍ဆောင်ရွက်လိုက်သောကိစ္စများမှကောင်းသောအကျိုးဆက်များရရှိမည်။ မျက်နှာပွင့်လန်းမည်။ ကောင်းသောအပြောင်းအလဲနှင့် တိုးတက်မှုရှိမည်။ မိတ်ကောင်းဆွေကောင်းအထောက်အကူရမည်။ ရည်ရွယ်ချက်သစ်နှင့်ဆောင်ရွက်သည်များမှအလိုပြည့်စုံခြင်းနှင့် တိုးတက်မှုများရှိမည်။ ဤကာလအတွင်းကံကောင်းစေသောအရောင် – နို့နှစ်ရောင်၊ ကြက်သွေးရောင်၊ အပြာရောင်။ အကျိုးပေးဂဏန်း – ၇၊ ၁၊ ၈၊ ၄။ ယတြာ – ဗယာကြော် (၃) ခုကို နီးတံနှင့် သီထိုး၍ ကြွေပန်းကန်တစ်ချပ်ပေါ်တွင်တင်၍ ဘုရားကပ်လှူခြင်းပြုပါ။



## အင်္ဂါနေ့မွေးသူများ

အလုပ်နေရာ၊ နေထိုင်မှုနေရာအပြောင်းအလဲကို လိုလားသူများ ဆန္ဒရှိသလိုဆောင်ရွက်နိုင်မည်။ ပစ္စည်းပျောက်တတ်သည်။ အလုပ်ကိစ္စများတွင် အဆုံးသတ်ခါနီးမှ အနှောင့်အယှက်ကြုံနိုင်သည်။ သစ္စာမဲ့သူများနှင့်တွေ့တတ်သည်။ စကားမတည်သူများနှင့်တွေ့တတ်သည်။ ကွယ်ရာမှာ ထိုးနှက်တိုက်ခိုက်ခြင်းစုံမည်။ ဆွေမျိုးသားချင်းများနှင့်ပတ်သက်၍ စိတ်အနှောင့်အယှက်ဖြစ်ရတတ်သည်။ အလိုပြည့်စုံခြင်းများရရှိမည်။ ငွေကြေးစီးပွားရေးရာ အဖြာဖြာတွင် ကောင်းစွာတိုးတက်သောအနေအထားရှိမည်။ ဤကာလအတွင်း ကံကောင်းစေသောအရောင် – အပြာရင့်ရောင်၊ မီးခိုးရောင်၊ အစိမ်းရောင်။ အကျိုးပေးဂဏန်း – ၂၊ ၈၊ ၅၊ ၉ ။ ယတြာ – ထမင်းစားပွဲပေါ်တွင် ဖန်ပုလင်းနှင့် မြေပဲကြော်တင်ပြီး မြောက်အရပ်မျက်နှာမူပြီး မကြာခဏစားပေးပါ။

## ဗုဒ္ဓဟူးနေ့မွေးသူများ



ပေါ်ပေါက်လာသော အခြေအနေအရပ်ရပ်ကိုအသုံးချ၍ အလုပ်စီးပွားကိစ္စများဆောင်ရွက်အကျိုးပေးနိုင်သည်။ လုပ်ကိုင်ဆောင်ရွက်နေသော ကိစ္စမှန်သမျှ ထွန်းထွန်းပေါက်ပေါက်အောင်မြင်မည်။ အမျိုးသမီးမိတ်ဆွေတစ်ဦးဦးထံမှ အထောက်အကူရမည်။ ကြယ်ပွင့်ပုံ၊ ငှက်ရုပ်ပုံပါသော ပစ္စည်းလက်ဆောင်ရရှိပါက အလွန်ကောင်းသောနိမိတ်ဖြစ်သည်။ ထိုသို့ရရှိပြီးထူးခြားသော သတင်းစကားများကြားသိရခြင်း၊ ပုံမှန်မဟုတ်သော ငွေဝင်ခြင်းများကြုံမည်။ ငွေကြေးအပေးအယူကိစ္စဂရုစိုက်ရမည်။ ဤကာလအတွင်း ကံကောင်းစေသောအရောင် – အဝါရောင်၊ အစိမ်းရောင်၊ မီးခိုးရောင် ။ အကျိုးပေးဂဏန်း – ၃၊ ၆၊ ၈၊ ၁ ။ ယတြာ – အိမ်တွင်သုံးစွဲနေသော ရေခွက်ကို မကြာခဏလဲလှယ်သုံးစွဲပေးပါ။



## ကြာသပတေးနေ့မွေးသူများ

ယှဉ်ပြိုင်သူအားလုံးအပေါ်အနိုင်ယူ၍ အလိုဆန္ဒပြည့်စုံမည်။ ရင်းနှီးသူများနှင့်စကားများရတတ်သည်။ ဆန့်ကျင်ဘက်ပြုသူများနှင့်တွေ့ရမည်။ လက်လွှတ်ထားသော ငွေကြေးများလက်ဝယ်ပြန်လည်ရရှိမည်။ ရပ်တန့်ထားသော လုပ်ငန်းများပြန်လည်ဆောင်ရွက်အောင်မြင်မည်။ အရပ်ဝေးနှင့် ဆက်စပ်လုပ်ကိုင်သောလုပ်ငန်းများမှ ထူးခြားသော တိုးတက်မှုများ ဖြစ်ပေါ်မည်။ စုပေါင်းလုပ်ငန်းအကျိုးပေးမည်။ ဝင်ငွေတိုးပွားမည်။ အလုပ်တိုးတက်မည်။ ပညာအတတ်နှင့် ပတ်သက်သောကိစ္စများ အောင်မြင်မှုများရရှိမည်။ ဤကာလအတွင်း ကံကောင်းစေသောအရောင်များ – အညိုရောင်၊ ပန်းရောင်၊ ဖတ်ဖူးရောင် ။ အကျိုးပေးဂဏန်း – ၁၊ ၅၊ ၇၊ ၉။ ယတြာ – ကံ့ကော်ပင်အောက်တွင် စွန်ပလွန်ယိုစားခြင်းပြုပါ။

## သောကြာနေ့မွေးသူများ



ဆောင်ရွက်သမျှ အောင်မြင်ရန် ရည်ရွယ်ချက်၊ ရည်မှန်းချက်မှန်သမျှ အပြည့်အဝ အောင်မြင်အောင် ဆောင်ရွက်နိုင်စွမ်းရှိမည်။ မိတ်ဆွေအကြီးအကဲများထံမှ ထင်ရှားသော အထောက်အကူ ရရှိမည်။ ကိုယ်ပိုင်စိတ်ကူးနှင့် ရည်ရွယ်ချက်များ အကောင်အထည်ဖော်နိုင်သည်။ နေရာပြောင်း၍သော်လည်း ကောင်း၊ ဦးတည်ချက်ပြောင်း၍သော်လည်းကောင်း ဆောင်ရွက်သောကိစ္စများမှ ကောင်းသောအကျိုးဆက်များ ရရှိမည်။ ကူညီသူများ ရှိမည်။ ကတိစာချုပ်နှစ်ခု လက်မှတ်ထိုးရမည်။ လုပ်ငန်းအခွင့်အလမ်း နှစ်မျိုးပေါ်မည်။ အကြံသစ်နှင့် ဆောင်ရွက်သော ကိစ္စမှ ထူးခြားသော တက်လမ်းများဖြစ်ထွန်းမည်။ ဤကာလအတွင်း ကံကောင်းစေသော အရောင် – အဝါရောင်၊ မရမ်းစေ့ရောင်၊ အဖြူရောင် ။ အကျိုးပေးဂဏန်း – ၀၊ ၃၊ ၄၊ ၉ ။ ယတြာ – အိမ်ရှိဘုရားတွင် အကြော် (၅) ခု ကပ်လှူပူဇော်ပါ။



## စနေနေ့မွေးသူများ

စိတ်လိုက်မာန်ပါ ဆောင်ရွက်လိုစိတ်များ ဖြစ်ထွန်းနေမည်။ ရှေ့တိုးလျှင် အန္တရာယ်ရှိမှန်းသိလျက် ဇွတ်ထိုးလုပ်လိုမည်။ ပြဿနာနှင့် အခက်အခဲများကို ဖြစ်ပေါ်စေသော ကိစ္စရေးရာများကို ဆောင်ရွက်လိမ့်မည်။ မိမိနှင့်မသက်ဆိုင်သော ကိစ္စများကို လိုက်လံဆောင်ရွက်ထားခြင်းရှိမည်။ အတတ်ပညာနှင့် ပတ်သက်သော တိုးတက်မှုများဖြစ်ပေါ်မည်။ ရည်ရွယ်ချက် အောင်မြင်မှုနှင့် တိုးတက်မှုအဆင့်ဆင့် ဖြစ်ပေါ်မည်။ ငွေမမြဲ။ ငွေစုရန် ကြံစည်လေ ကုန်ကျလေဖြစ်မည်။ အဆင့်မြင့်အလုပ်တာဝန်များကိုကိုင်တွယ်ဆောင်ရွက်ရမည်။ လုပ်ကိုင်သမျှလူသိရှင်ကြားဖြစ်မည်။ လျှို့ဝှက်၍မရ။ ဤကာလအတွင်းကံကောင်းစေသောအရောင် – နို့နှစ်ရောင်၊ ကြက်သွေးရောင်၊ မရမ်းရောင်။ အကျိုးပေးဂဏန်း – ၅၊ ၆၊ ၃၊ ၁။ ယတြာ – စံပယ်ပန်း ၁၀၈ ပွင့် (၉) ရက်ဆက်တိုက်လှူပါ။

ချမ်းမြေ့မေတ္တာ တံ့ပြန်ပါသည်။

စံ – ဇာဇာဘို

# ICM မှ Ofqual ကြီးကြပ်မှု စွန့်လွှတ်ထားခြင်းနှင့်ပတ်သက်၍ ကျောင်းသား/သူများကို အသိပေးခြင်း

The Institute of Commercial Managemen

Institute of Commercial Management, UK (ICM) သည် Ofqual UK စည်းကြပ်မှုခံယူချက်ကို ၂၀၁၅ အောက်တိုဘာမှ စတင်၍စွန့်လွှတ်ထားကြောင်း **STRATEGY FIRST** မှ လွန်ခဲ့သော ရက်အနည်းငယ်အတွင်းက သိရှိခဲ့ရပါသည်။

Ofqual ဆိုသည်မှာ UK နိုင်ငံတွင် သင်ကြားပြီး စာမေးပွဲစစ်ဆေးနေသော ပညာရေးအဖွဲ့အစည်းများကို စိစစ်သောအစိုးရ၏ အဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။

Ofqual စိစစ်မှုကို အဖွဲ့အစည်းများက မိမိသဘောဖြင့် ခံယူနိုင်ပြီး၊ အစစ်ဆေးမခံလိုတော့သည့်အခါ မိမိသဘောအတိုင်း စွန့်လွှတ် (Voluntary Surrender) ရပါသည်။ လက်မှတ်များ၊ သင်တန်းများ အရည်အသွေးမပြည့်မီပါက - Ofqual မှ "Withdrawn" - ရုတ်သိမ်းသည်ဟု သုံးနှုန်းလေ့ရှိပါသည်။ UK ပညာရေးအဖွဲ့အစည်းအများစုမှာ Ofqual စစ်ဆေးမှုလက်မှတ်ရှိကြပါသည်။ (Ofqual လျှောက်ထားခြင်းနှင့် စွန့်လွှတ်ခြင်းကို (www.gov.uk .com) တွင် အပြည့်အစုံ လေ့လာနိုင်ပါသည်။

Ofqual သည် FDA ခွင့်ပြုမိန့်ကဲ့သို့ မဖြစ်မနေ လိုအပ်သော လက်မှတ်မဟုတ်ဘဲ ISO ကဲ့သို့ မိမိသဘောဖြင့် လျှောက်ထား၊ စွန့်လွှတ်နိုင်သော လက်မှတ်ဖြစ်ပါသည်။

Institute of Commercial Management UK ၏ Ofqual Status နှင့် ပတ်သက်ပြီး ကျွန်တော်တို့ **STRATEGY FIRST** မှ Ofqual ကို မတ်လ (၃၁) ရက်နေ့တွင် ဆက်သွယ်မေးမြန်းကြည့်ရာ -

"Regarding your questions, they (ICM) may now offer unregulated qualifications which may still be considered valid qualifications although not regulated by ourselves."

"သင့်မေးခွန်းနှင့်ပတ်သက်၍ - ICM သည် ကျွန်တော်တို့၏ ကြီးကြပ်မှုမရှိသော လက်မှတ်များကို ဆက်လက်ပေးအပ်နိုင်ပြီး - ထိုလက်မှတ်များကို ဥပဒေနှင့် ညီညွတ်သော လက်မှတ်များအဖြစ် သုံးသပ်နိုင်ပါသည်" - ဟု Sevan Begheshian, Support Officer, Ofqual မှ ပြန်ဆိုလာပါသည်။

သူ၏ email မှာ Public.Enquiries@ofqual.gov.uk ဖြစ်ပြီးတိုက်ရိုက်ဖုန်းနံပါတ်မှာ +၄၄၂၄၇၆၆၇၁၈၈၀ ဖြစ်ပါသည်။

ထို Ofqual တရားဝင်ပြန်ကြားစာအရ - **STRATEGY FIRST** မှ ICM လက်မှတ်များသည် အတုအပ လုံးဝမဟုတ်ဘဲ၊ ယူကေမှ ဥပဒေနှင့် အညီပေးအပ်နေသော လက်မှတ်အစစ်အမှန်များသာဖြစ်ပါသည်ဟု သတ်မှတ်ပါသည်။

Ofqual Unregulated ဖြစ်သည့်အတွက် "အရည်အသွေး မပြည့်" ဟု သတ်မှတ်၍မရဘဲ "Ofqual မှအရည်အသွေးကို မသိနိုင်" ဟုသာ မှန်ကန်စွာ မှတ်ချက်ပြုရပါမည်။

သို့သော်လက်မှတ်တုများကိုတင်းကြပ်စွာ ကိုင်တွယ်ခဲ့သော ပါကစ္စတန်နိုင်ငံ အပါအဝင် နိုင်ငံအများစုတွင်မူ ၄င်းနိုင်ငံ အစိုးရများနှင့် အစိုးရတက္ကသိုလ်များက အသိအမှတ်ပြုထားဆဲဖြစ်သည်။

၂၀၁၀ဖေဖော်ဝါရီတွင်တည်ထောင်ခဲ့သော **STRATEGY FIRST** သည် ၂၀၁၀ ဩဂုတ်လတွင် Institute of Commercial Management ၏ Approved Centre ဖြစ်လာခဲ့ပါသည်။

ICM ကို အမြတ်မရှာသော အဖွဲ့အစည်းဖြစ်ခြင်း၊ သက်တမ်းရှည်ခြင်း၊ ဘာသာရပ်စုံလင်ခြင်း၊ ယူကေတက္ကသိုလ်များကအသိအမှတ်ပြုခြင်းနှင့် အစိုးရ Ofqual အသိအမှတ်ပြုခြင်းတို့ကြောင့် ရွေးချယ်ခဲ့ပါသည်။ ထိုစဉ်က ဘာသာရပ် (၄) ခု သို့မဟုတ် (၅) ခု သင်ယူရသော ICM Diploma နှင့် Advanced Diploma များကို စတင်ဖွင့်လှစ်ခဲ့ပါသည်။

**STRATEGY FIRST** တွင် သင်ယူပြီး ဖြေဆိုအောင်မြင်ခဲ့သော ICM Diploma များနှင့် UK တက္ကသိုလ်ဒုတိယနှစ်ကိုတိုက်ရိုက်တက်ရောက်ပြီး ဘွဲ့ရရှိခဲ့သော ကျောင်းသား/သူများလည်း ရှိခဲ့ပါသည်။

နောက်ပိုင်းတွင် ICM ၏သတ်မှတ်ချက်မြှင့်တင်လိုက်သည့်အတွက် - Advanced Diploma ပြီးစီးရန် ဘာသာရပ် ၁၂ ခုအထိတက်ရောက်ရန်လိုအပ်လာသောကြောင့် ကုမ္ပဏီဝန်ထမ်း၊ အရာရှိများသည် လုပ်ငန်းလိုအပ်ချက်အလိုက် မိမိအတွက်အသုံးဝင်သည့် ဘာသာရပ်တစ်ခုချင်းသာ ရွေးချယ်ဖြေဆိုကြပြီး Single Subject Diploma များသာ ရယူလာကြပါသည်။ သတ်မှတ်ထားသော Single Subject Diploma များ ပေါင်းစည်းမှုသာအသိအမှတ်ပြုတက္ကသိုလ်နှစ်များနှင့် ညီမျှသော Diploma များရရှိခြင်းဖြစ်ပါသည်။

သို့သော် **STRATEGY FIRST** ၏ သင်တန်းသား/သူအများစုသည်မိမိ Career လမ်းကြောင်းအတွက် လိုအပ်သည့် ဘာသာရပ်တစ်ခုကိုသာ ရွေးချယ်ခဲ့ကြပါသည်။ ထိုလက်မှတ်ကိုင်ဆောင်ထားသူများမှာလည်း စွမ်းဆောင်ရည် ကောင်းမွန်သောကြောင့် ICM လက်မှတ်များသည် ပြည်တွင်း အလုပ်ဈေးကွက်တွင် အသိအမှတ်ပြုခံရပါသည်။

လွန်ခဲ့သောရက်အနည်းငယ်ကရန်ကုန်မြို့ British Council ၏အသိပေးမှုအရ ICM သည် ၂၀၁၅ အောက်တိုဘာလမှ စတင်ပြီး Ofqual အသိအမှတ်ပြုခြင်းကို စွန့်လွှတ်ထားကြောင်း သိရှိလာရပါသည်။ ICM သည် ထိုသို့ မစွန့်လွှတ်မီက Approved Center များထံ အကြောင်းကြားလာသင့်သော်လည်း ထိုသို့ ဆောင်ရွက်ခဲ့ခြင်းမရှိခဲ့ပါ။

ICM ကို e-mail ဖြင့် မေးမြန်းသည့်အခါ ICM ၏ Chairman Mr. Adair Ford က အောက်ပါအတိုင်းပြန်ကြားလာပါသည်။

"Ofqual Certificate ကို ပြန်လည်ရုတ်သိမ်းခံရခြင်းမဟုတ်ဘဲ မိမိတို့သဘောအရသာ စွန့်လွှတ်ထားခြင်းဖြစ်ပါသည်။ ICM သည် Ofqual စိစစ်မှုအတွက် သင်တန်းများ၊ ကျောင်းသား/သူများနှင့်ဆိုင်သော စာရွက်စာတမ်းများစွာ ပြင်ဆင်ပြီး တင်သွင်းရပါသည်။ နိုင်ငံတကာကျောင်းသားဦးရေနှင့် Programme အမျိုးအစား အလွန်များပြားသည့်အတွက် ထိုကုန်ကျငွေနှင့် ရရှိလာသောအကျိုးမှာ မျှတခြင်းမရှိတော့သဖြင့် Ofqual ကို စွန့်လွှတ်လိုက်ပါသည်။ ICM ကို Ofqual မပေါ်ပေါက်မီ ၁၉၇၉ ကတည်းကပင်တည်ထောင်ထားပြီးယူကေနှင့် ကမ္ဘာအနှံ့ရှိ ကျောင်းသား/သူ များအတွက် အရည်အသွေးရှိ စီးပွားရေးပညာများကို စရိတ်သက်သာစွာလေ့လာနိုင်ရန်တက္ကသိုလ်ဆရာ/ဆရာမစာမေးပွဲစစ်ဆေးသူများနှင့်ပူးပေါင်းကာ စာမေးပွဲများစီစဉ်ပေးနေခြင်းဖြစ်ပါသည်။

၂၀၁၅ ခုနှစ် အောက်တိုဘာလတွင် UK နိုင်ငံတွင်လူဝင်မှုကြီးကြပ်ရေးဌာနမှနိုင်ငံခြားမှ ကျောင်းသား/သူများအတွက် လူဝင်မှုဆိုင်ရာ ဥပဒေများကို အပြောင်းအလဲ ပြုလုပ်ခဲ့ပါသည်။ ထိုဥပဒေအပြောင်းအလဲကြောင့် ယူကေသို့ နိုင်ငံခြားကျောင်းသားများဝင်ရောက်မှုကျဆင်းသွားပြီး ICM Diploma များကို UK နိုင်ငံတွင် နိုင်ငံတကာမှ လာရောက်သင်ယူကြသော ကျောင်းသားအရေအတွက် သိသိသာသာ ကျဆင်းလာခဲ့ပါသည်။ ထို့ကြောင့် ICM သည် ကုန်ကျစရိတ်များသော Ofqual အသိအမှတ်ပြုခံရရေးအတွက် မဆောင်ရွက်နိုင်တော့ခြင်းဖြစ်ပါသည်။

Ofqual ၏ကြီးကြပ်မှု မခံယူသော်လည်း မူလက တင်ပြထားသည့်အတိုင်း ICM ကို နိုင်ငံတကာတွင် ပညာရေးဝန်ကြီးဌာနအလိုက် အသိအမှတ်ပြုထားခြင်းများရှိပြီး လိုအပ်သော Single Subject ဘာသာရပ် (၅) ခုပါဝင်သော Diploma အပြည့်ရရှိသောအခါ ယူကေတက္ကသိုလ်များသို့ဆက်လက်တက်ရောက်နိုင်သေးသည့်အတွက် အရည်အသွေးရှိသော ယူကေလက်မှတ်များအဖြစ်သာ သတ်မှတ်ပါသည်။

Heriot-Watt University-Edinburgh Business School အပြင် အခြားတက္ကသိုလ်ကြီးများဖြစ်သော Anglia Ruskin, Birmingham City University, Bucks New University, University of Derby, University of Gloucestershire, University of Lincoln, Manchester Metropolitan University, University of Northampton, Middlesex University, University of Salford, Southampton Solent University, Sunderland University, Swansea Metropolitan University နှင့် University of Worcester များမှ ICM Diploma လက်မှတ်များကို ဆက်လက်အသိအမှတ် ပြုနေပြီး ICM Diploma ရသူများကို ၄င်းတို့၏ ကျောင်းများသို့ လက်ခံပေးနေပါသည်" ဟု ပြန်ကြားလာပါသည်။

ယူကေတက္ကသိုလ်များမှ အသိအမှတ်ပြုထားသောနှစ်၄၀ နီးပါးသက်တမ်းရှိသည့် ICM အဖွဲ့ကြီး၏ လက်မှတ်များကို အရည်အသွေးမပြည့်ဟု မှတ်ချက်ပြုရန် မရှိပါ။

အတုအယောင်၊ အရည်အသွေးမရှိသော လက်မှတ်များဖြစ်ပါကထိုတက္ကသိုလ်ကြီးများမှ ICM ကို ဦးစွာ တားမြစ်အရေးယူပါလိမ့်မည်။ တက္ကသိုလ်တစ်ခုချင်းအတွက်တက်ရောက်နိုင်သော အတန်းများကိုလည်း ICM ဝက်ဘ်ဆိုဒ်တွင် လေ့လာနိုင်ပါသည်။

ICM ဘာသာရပ်များ၏ အရည်အသွေး၊ စာမေးပွဲများ၏ခက်ခဲမှု၊စနစ်ကျနမှုတို့ကိုတက်ရောက်ဖြေဆိုဖူးသောကျောင်းသား/ကျောင်းသူများလည်း သိရှိထားပြီးဖြစ်ပါသည်။ **STRATEGY FIRST** မှ ICM ဘာသာရပ်အလိုက် အောင်မြင်မှုနှုန်းမှာ ၄၀% မှ ၇၀% အတွင်းသာရှိပါသည်။ လွယ်ကူစွာရနိုင်သော Diploma များမဟုတ်ပါ။

Ofqual ကြီးကြပ်မှုမရှိတော့သည့်အတွက် အရည်အသွေးသတ်မှတ်ချက်ပြည့်မပြည့် စိစစ်ရန် မဖြစ်နိုင်တော့သော်လည်း၊ ICM ၏ သက်တမ်း၊ **STRATEGY FIRST** ၏ MBA မိတ်ဖက်ဖြစ်သော Edinburgh Business School, Heriot-Watt University (UK အဆင့်သတ်မှတ်ချက် - 18, Guardian, 2016) အပါအဝင် ယူကေ တက္ကသိုလ်ကြီးများမှ ဆက်လက်လက်ခံခြင်း၊ ICM အတန်းများ၏အရည်အသွေးနှင့် စာမေးပွဲများ၏တင်းကြပ်မှုတို့ကြောင့် ICM

စာ - ၁၁ သို့